# မြန်မာ့အလင်း (Mirror masthead logo)
The Mirror Daily
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 February 2023 ၁၀၉၉၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃) ကျင်းပစဉ်။

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ » ၆

**ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၈

## အချပ်ပို (၈) မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ အချပ်ပို (၈) မျက်နှာ ပါရှိပါသည်။

ကြေးမုံ

# အနာဂတ်မျှော်လင့်ချက် အခွင့်အလမ်းကောင်းများ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ပညာရည်ဖွံ့ဖြိုးတိုးတက်မှုသည်အရေးကြီးသည်။ မြန်မာနိုင်ငံရှိ ပြည်သူများ ပညာရည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်ချက်များရှိနေသည်ကို ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ အသက်(၂၅)နှစ်ကျော်ပြီးဖြစ်သည့် ပြည်သူအများစု၏ ပညာအရည်အချင်းမှာ အလယ်တန်းအဆင့်အောက်၌ ရှိနေသည်ဟုသိရသည်။ ထို့ကြောင့် ပြည်သူများ၏ ပညာသင်ကြားမှုအခွင့်အလမ်းများကို မြှင့်တင်ဖော်ဆောင်ကြရမည်ဖြစ်သည်။ ပညာရေးအဆင့်ကူးပြောင်းမှုများ၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "လူနေမှုစနစ်မြှင့်တင်နိုင်ဖို့ဆိုလို့ရှိရင် စီးပွားရေးကောင်းအောင်လုပ်ရမယ်။ စီးပွားရေးကောင်းဖို့ဆိုရင်လည်း အတန်းပညာ၊ အတတ်ပညာတွေရှိအောင် လုပ်ပေးရမယ်။ ဒီလိုသွားရမယ်။ ဒါကြောင့် ကျွန်တော်တို့က အတန်းပညာနဲ့ပတ်သက်ရင်အနည်းဆုံးတော့ KG+9 ကိုသွားဖို့လိုတယ်။ KG+9 ဖြစ်လာပြီဆိုလို့ရှိရင် Vocational Training အနိမ့်ဆုံးသွားလို့ရပြီ၊ စက်မှု စိုက်ပျိုးမွေးမြူရေးကျောင်းလေးတွေ ခရိုင်အလိုက်ဖွင့်ပေးမယ်။"ဟု ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အခြေခံပညာ ကျောင်းသား ကျောင်းသူများ အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်ပြီးပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိစေရန်အတွက် ခရိုင် ၅၀ ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃-၂၀၂၄ လာမည့်ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ပေးမည့် အဆိုပါအထက်တန်းကျောင်းများတွင် အထက်တန်းပညာကိုသာမက အသက်မွေးဝမ်းကျောင်းအတတ်ပညာများကိုပါ တတ်မြောက်နိုင်မည့် အခွင့်အလမ်းများကိုရရှိပြီး အလုပ်အကိုင်များလွယ်ကူလာမည်ဖြစ်သည်။

ထို့ကြောင့် အခြေခံပညာအလယ်တန်းအဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ၊ ပညာရေးအခွင့်အလမ်းလေးမျိုးကို ရွေးချယ်နိုင်မည့် အခွင့်အရေးရှိလာသည်။ ပုံမှန်အတိုင်း အထက်တန်းအဆင့်ကို ပြီးဆုံးအောင် သင်ကြားမည့်သူများအနေဖြင့် Grade 12 အထိပြီးဆုံးအောင်သင်ကြားပြီး သတ်မှတ်အရည်အချင်းအလိုက် အဆင့်မြင့်ပညာများကို ဆက်လက်ဆည်းပူးနိုင်မည်ဖြစ်သည်။ စက်မှုနည်းပညာလမ်းကြောင်းသို့ ရွေးချယ်မည့်သူများသည် အထက်တန်းဘာသာရပ်များအပြင် အဆောက်အအုံ၊ လျှပ်စစ်၊ စက်ပစ္စည်းထုတ်လုပ်ခြင်းပညာရပ်များကို စာတွေ့၊ လက်တွေ့သုံးနှစ်သင်ကြားပြီးနောက် အထူးအောင်သူများသည် အင်ဂျင်နီယာဘွဲ့နှင့် နည်းပညာဘွဲ့များရရှိမည်ဖြစ်ပြီး အဆင့်မီအောင်မြင်သူများသည် အင်ဂျင်နီယာဒီပလိုမာဘွဲ့များကို ရရှိနိုင်မည်ဖြစ်သည်။ ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြင်ပလုပ်ငန်းခွင်များ၊ ကိုယ်ပိုင်လုပ်ငန်းခွင်များတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်။

စိုက်ပျိုးရေးပညာ၊ မွေးမြူရေးပညာရပ်များတွင်လည်း အလားတူအခွင့်အလမ်းများရှိမည်ဖြစ်သည်။ လူငယ်လူရွယ်များအနေဖြင့် အထက်တန်းပညာ၊ အဆင့်မြင့်ပညာများကို ပုံမှန်အားဖြင့်သင်ယူနေကြသော်လည်း လူငယ်လူရွယ်အများစုသည် အလယ်တန်းပညာအဆင့်နှင့်အောက်တွင် ပညာသင်ယူမှုရပ်ဆိုင်းသွားပြီး လုပ်ငန်းခွင်အမျိုးမျိုးသို့ ရောက်ရှိနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ပညာကိုပြီးဆုံးအောင် မသင်ကြားနိုင်တော့ဘဲ လုပ်ငန်းခွင်ထဲတွင် ကြုံရာရရာလုပ်ကိုင်နေကြသည့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝကို မြှင့်တင်ပေးရန်လိုအပ်ပေသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ ပညာရည်နိမ့်ကျမှုရှိနေရာ အဓိကမှာ အလုပ်အကိုင်အခွင့်အလမ်းနှင့်စီးပွားဥစ္စာကို အကြောင်းခံနေသည်။ ယခုကဲ့သို့ နိုင်ငံတစ်ဝန်း ခရိုင်အလိုက် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများပေါ်ထွက်လာခြင်းသည် လူငယ်လူရွယ်များ၏ အနာဂတ်အတွက် မျှော်လင့်ချက်အခွင့်အလမ်းများဖြစ်သည်။ လူငယ်လူရွယ်များအနေဖြင့် အလယ်တန်းအဆင့်ကို ပြီးမြောက်အောင်သင်ယူခြင်း၊ အထက်တန်းအဆင့် အသက်မွေးဝမ်းကျောင်းပညာများကို ပြီးမြောက်အောင်သင်ယူကြရန် ကျောင်းသား ကျောင်းသူများသာမက မိဘအုပ်ထိန်းသူများကပါ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအားလုံး၏ အနာဂတ်အတွက် ရွေးချယ်စရာအခွင့်အလမ်းများစွာတို့ ပေါ်ထွက်လာပြီဖြစ်ရာ အခြေခံပညာအထက်တန်းအဆင့်တွင် သင့်လျော်ရာ အနာဂတ်အခွင့်အလမ်းကောင်းများကို ရယူပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်း လုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၁- ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၄၄၇ | ၃,၈၀၆,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၃၀၀ | ၄၅၁ | ၁,၄၅၇,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁ | ၇,၇၀၀ |
| FPB | ၁,၉၀၀ | ၂,၀၀၀ | ၅,၁၈၁ | ၉,၉၄၂,၄၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၃ | ၇,၈၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၆၀ | ၇၀၂,၀၀၀ |
| AMATA | ၄,၉၀၀ | ၅,၀၀၀ | ၂၅၇ | ၁,၂၆၃,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၃၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၇၂.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၀.၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၃.၆၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၉၂.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၁၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၇၂.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၉၄.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၁၂.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၉.၈၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

☆ ရှေ့ဖုံးမှ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃) ကျင်းပစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုများနှင့် အဆိုပါ မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းပေးခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်တစ်ဝန်းလုံးကို အရေးပေါ်အခြေအနေကြေညာခဲ့ရသည်အထိ ဖြစ်ပွားခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့စည်း၍ မဲစာရင်းစစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိမှု အခြေအနေများ၊ မဲမသမာမှုတွင် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေများ၊ NLD ပါတီဥက္ကဋ္ဌနှင့် သမ္မတဟောင်းတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် တိုက်ရိုက်နှင့် သွယ်ဝိုက်ဖိအားပေးဆောင်ရွက်မှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေးနှင့် ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေများ၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထာဝရ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်ငြိမ်းသက်သာခွင့်များပေးခဲ့သည့် အခြေအနေများ၊ နောင်လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေများ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများနှင့် နိုင်ငံတော်အာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ရယူရန် ကြိုးပမ်းလုပ်ဆောင်လာမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အပေါ် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများက ဝိုင်းဝန်းသုံးသပ် ဆွေးနွေးခဲ့ကြသည်။

ယာယီသမ္မတ အပါအဝင် တက်ရောက်လာသူ အားလုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း နိုင်ငံတော်ကို အလုံးစုံ ပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အများပြည်သူဆိုင်ရာ နေရာများကို အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခြင်း၊ ပြည်သူများကို လက်နက်ကိုင်ခြိမ်းခြောက် အကြပ်ကိုင်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်အာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ရယူရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် သာမန်မဟုတ်သော အခြေအနေတွင် ရှိနေဆဲဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်းနှင့် လိုအပ်သည့်ထုတ်ပြန်ကြေညာချက်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်
## ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ် နိကော့ ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ် နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေရန်နှင့် နယ်ပယ်စုံကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်များ ရှာဖွေဖော်ထုတ်ရေးနှင့် နှစ်နိုင်ငံအပြန်အလှန် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး
## ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး၊ ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကူညီဆောင်ရွက်သွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းစဉ်။



စေတနာရှင် အလှူရှင်များလှူဒါန်းထားသည့် ဘုရားဆင်းတုတော်၊ ကျောက်မျက်ရတနာနှင့် လှူဒါန်းငွေများကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက် ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

**လှူဒါန်းနိုင်**

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန် ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၁၅ ကျပ်သား ၅ ပဲ ၅ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၃ ကျပ်သား ၇ ပဲ ၄ ရွေး၊ ပုလဲနှင့် ကျောက်မျက်ရတနာမျိုးစုံ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေထည် ၁၂ ကျပ်သား ၄ ပဲ ၂ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၅ ကျပ်သား ၁၀ ပဲ ၂ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများနှင့် နိုင်ငံ့ဂုဏ်ဆောင်ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၂၁၅၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီးရှိ ရွှေထည် ၁ ကျပ်သား ၅ ပဲ ၇ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၀ ကျပ်သား၊ ပုလဲ၊ ကျောက်မျိုးစုံနှင့် ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၁၁၈ သိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိလည်း ရွှေထည် ၁၀ ကျပ်သား ၁၀ ပဲ ၂ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၄ ကျပ်သား ၄ ပဲ ၂ ရွေး၊ ပတ္တမြားဆင်းတုတော် တစ်ဆူ၊ ၁ ဒသမ ၄ ဂရမ်ရှိ ပတ္တမြားနားကပ် တစ်ရန်၊ ပုလဲ ၂၇ လုံး၊ ပီခြူးလက်ကောက် နှစ်ကွင်းနှင့် ကျောက်မျိုးစုံတို့ကို ဌာပနာသွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွန်းလှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူ ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော် အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန်အတွက် ကနဦးလုပ်ငန်းဖြစ်သည့် ပင့်ထောင်ခြင်းလုပ်ငန်းများကို သံမဏိမျှော်စင် ဝန်ချီစက်အသုံးပြု၍ ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီ ၁၀ မိနစ်အချိန်မှ စတင်ပင့်ထောင်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်တွင် ဆင်းတုတော်ကြီး လဲလျောင်းနေရာ သုည ဒီဂရီမှ ၂၆ ဒီဂရီအထိ၊ အမြင့်အားဖြင့် ၃၁ ပေအထိလည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ၂၆ ဒီဂရီမှ ၅၁ ဒီဂရီအထိ၊ အမြင့်အားဖြင့် ၅၂ ပေအထိလည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် ၅၁ ဒီဂရီမှ ၆၈ ဒီဂရီအထိ၊ အမြင့်အားဖြင့် ၆၃ ပေအထိ လည်းကောင်း၊ ဇန်နဝါရီ ၂၉ ရက်နံနက် ၉ နာရီတွင် ၉၀ ဒီဂရီအထိ၊ အမြင့်အားဖြင့် ၇၅ ဒသမ ၅ ပေအထိ ပင့်ထောင်ပူဇော်ခဲ့ပြီး ဆင်းတုတော် အစိတ်အပိုင်းကြီးအား ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြာမြင့်ချိန်အားဖြင့် ၇၂ နာရီ မိနစ် ၅၀ ကြာမြင့်ခဲ့သည်။

**ကြာမြင့်ခဲ့**

အထက်ပါ ပင့်ထောင်ပြီးစီးသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ရေး လုပ်ငန်းများကို ဇန်နဝါရီ ၂၉ ရက် ည ၁၁ နာရီ ၁၆ မိနစ်ခန့်တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီ ၁၇ မိနစ်ခန့်တွင် ရတနာပလ္လင်တော်အနီး နေရာအထိ ပင့်ဆောင်နိုင်ခဲ့ပြီး စုစုပေါင်း ပင့်ဆောင်ခဲ့သည့် အကွာအဝေးမှာ ၈၁ ပေ ဖြစ်ကာ ကြာမြင့်ချိန် ၁၁ နာရီ ၁ မိနစ်ခန့် ကြာမြင့်ခဲ့သည်။

အဆိုပါ ရတနာပလ္လင်တော် အနီးနေရာအထိ ပင့်ဆောင်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော် အစိတ်အပိုင်းကြီးအား ယနေ့နံနက် ၁ နာရီ ၃၅ မိနစ်တွင် အမြင့် ၉ လက်မ ပင့်တင်ပြီး ပလ္လင်ပေါ်သို့ဆက်လက်ပင့်ဆောင်ခဲ့ရာ နံနက် ၁၁ နာရီ ၃၄ မိနစ်တွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်နေရာ ချထားနိုင်ခဲ့ကြောင်းနှင့် အဆိုပါ ပင့်ဆောင်နေရာချထားမှု လုပ်ငန်းကြာမြင့်ချိန်မှာ ၉ နာရီ ၅၉ မိနစ်ခန့် ကြာမြင့်ခဲ့သည်။




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပြီးစီးမှုကို ဖူးတွေ့ရစဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ထုဆစ်ပြီးစီးသည့် ဆင်းတုတော် အစိတ်အပိုင်းများကို တွဲဆက်ပြီးနောက် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ဝန်ချီစက် ၈ လုံးပါ သံမဏိမျှော်စင် တည်ဆောက်ခြင်း၊ ဆင်းတုတော် ပင့်ဆောင်ရာတွင် ထုဆစ်ပြီး ကျောက်သားများ ထိခိုက်မှုမရှိစေရန် သံမဏိပန်းတောင်းတည်ဆောက်ခြင်းတို့ကို အချိန်အားဖြင့် ခုနစ်လကြာပြီး သံထည်ပစ္စည်း တန်ချိန်အားဖြင့် တန် ၃၈၀၀ အသုံးပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် ပူးပေါင်းကာ တပ်မတော်သား အင်ဂျင်နီယာများက တည်ဆောက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကြီးမားလေးလံသည့် ပစ္စည်းကို မတင် ရွှေ့ပြောင်းဖူးသည့် နည်းပညာ၊ အတွေ့အကြုံနှင့် စက်ယန္တရားများ အသုံးမပြုခဲ့ဖူးသော်လည်း ယခု မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းအင်ဂျင်နီယာ အသီးသီးတို့၏ အတွေ့အကြုံများဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းပြီး ဒီဇိုင်းရေးဆွဲ တွက်ချက်ခြင်း၊ စစ်ဆေးခြင်းတို့တွင် ခေတ်မီနည်းပညာများကို အသုံးပြုတွက်ချက်၍ တည်ဆောက်ခဲ့သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော် အစိတ်အပိုင်းကြီးနှင့် ဆင်းတုတော် ထည့်သွင်းထားသည့် သံမဏိရတနာပန်းတောင်းတော်တို့၏ အလေးချိန် ၂၃၆၇ ဒသမ ၅ တန်တို့အား သံမဏိမျှော်စင်တွင် ဝန်ချီစက် ၈ လုံးတို့ဖြင့် ပင့်ဆောင်၍ ဆင်းတုတော် အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင် နေရာချထားနိုင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် အများပြည်သူများ စိတ်နှလုံးအေးချမ်းစွာ လာရောက် ဖူးမြော်နိုင်စေရန်၊ တရားဘာဝနာများ အေးချမ်းစွာ ပွားများအားထုတ်နိုင်စေရေးနှင့် မြတ်ဗုဒ္ဓ၏ နှုတ်ကပါဌ်တော် ပိဋကတ်သုံးပုံတို့အား လေ့လာ ဖူးမြော် ကြည်ညိုနိုင်စေရေးတို့ အတွက် တည်ဆောက်ပူဇော်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်းအတွင်း မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ဇလွန် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်းအတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့က ဇာတ်တိုက်လေ့ကျင့်ကြသည်။



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရန်လင်းထွဋ်က မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးအကျိုးတော်ဆောင် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့် အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုမီးငြိမ်းသတ်ခြင်းများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရန်လင်းထွဋ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး အကျိုးတော်ဆောင်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရားဝန်ထမ်းများအား မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသကြသည်။

ထို့နောက် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်မီးငြိမ်းသတ်မှုများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

**ဇလွန်(ပြန်/ဆက်)**

☆ ကျောဖုံးမှ

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီဌာန၊ ဗဟိုကာကွယ်ဆေး သိုလှောင်အခန်းတွင် ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များမှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ဆေးလုံး ၂၀၀၀၀ နှင့် ဆေးထိုးအပ်များကို ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား**

# နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၆ / ၂၀၂၃**

**၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**

**( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၀ တွင် –

(က) ပုဒ်မခွဲ (ဏ)၏ နောက်တွင် ပုဒ်မခွဲ (တ)နှင့် ပုဒ်မခွဲ (ထ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**“(တ) ကော်မတီက မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် တာဝန်ပေးအပ်ထားသည့် အဖွဲ့၊ အဖွဲ့ဝင်နှင့် အရာထမ်း၊ အမှုထမ်းများ၏ တာဝန်ဝတ္တရား ဆောင်ရွက်ခြင်းကို ဟန့်တားနှောင့်ယှက်သူများအား အရေးယူခြင်း၊**

**(ထ) စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ရငွေ၊ အခွန်အခများ၊ စီမံခန့်ခွဲမှုဒဏ်ကြေးနှင့် တရားရုံးဒဏ်ငွေများကို စီမံခန့်ခွဲခြင်း၊”**

(ခ) မူလပုဒ်မခွဲ(တ)ကို ပုဒ်မခွဲ (ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၄ တွင်ပါရှိသော **“ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့်စကားရပ်ကို **“ ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ တွင် ပါရှိသော **“သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ”** ဆိုသည့် စကားရပ်ကို **“ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ”** ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ **“ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့် စကားရပ်ကို **“ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၅။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃ ၏နောက်တွင် ပုဒ်မ ၃၃–က အဖြစ် အောက်ပါအတိုင်း **ဖြည့်စွက်ရမည်–**

**“၃၃–က။ ကော်မတီက ရရန်ရှိသည့်အခွန်ကြွေးကျန်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ထိုအခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။”**

၆။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၇ ၏နောက်တွင် ပုဒ်မ ၃၇–က အဖြစ် အောက်ပါအတိုင်း **ဖြည့်စွက်ရမည်–**

**“၃၇–က။ ကော်မတီသည်ဤဥပဒေအရထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို တပ်ရိုက်သည့် ဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနအသီးသီးသို့ ရာခိုင်နှုန်းသတ်မှတ်၍ ဆုကြေးငွေအဖြစ် ချီးမြှင့်နိုင်သည်။”**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန် (ဇုန်-၂) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၃၁**

ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန် (ဇုန်–၂) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ) တွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပညာရေးဒီဂရီကောလိပ် အားကစားပြိုင်ပွဲ ရန်ကုန်ဇုန်(ဇုန်–၂) ကို ဖွင့်လှစ်ပေးသည့် အခမ်းအနားဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မာရေးဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ အားကစားအဆင့်အတန်းတိုးတက်မြင့်မားပြီး နိုင်ငံတကာပြိုင်ပွဲများအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သော မျိုးဆက်သစ်အားကစားသမားများထွက်ပေါ်လာစေရေး ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်းနှင့် သန့်ရှင်းသောယှဉ်ပြိုင်မှုများဖြင့် ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် ရန်ကင်း၊ လှည်းကူး၊ သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူများက Fitness dance၊ ဝူရှူး၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း၊ တိုက်ကွမ်ဒို၊ ကဗျာလွတ်အက၊ မြန်မာ့သိုင်း၊ တစ်ကိုယ်တော်ခြင်းလုံးအလှပြခတ်ခြင်းများဖြင့် သရုပ်ပြတင်ဆက်ကြသည်။

ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်းစုံပြိုင်ပွဲကို မန္တလေးဇုန်နှင့် ရန်ကုန်ဇုန် နှစ်ဇုန်ခွဲပြီး ယှဉ်ပြိုင်၍ မန္တလေးဇုန် (ဇုန်–၁) တွင် ပညာရေးဒီဂရီကောလိပ် ၁၂ ကျောင်း၊ ရန်ကုန်ဇုန် (ဇုန်–၂) တွင် ပညာရေးဒီဂရီကောလိပ် ၁၃ ကျောင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒဂုံတက္ကသိုလ်၌ ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ်၌ ၂၀၂၂–၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ ကျပန်းစကားပြောပြိုင်ပွဲနှင့်စကားရည်လုပြိုင်ပွဲကိုအဆိုပါတက္ကသိုလ်ရှိကောင်းညွှန့်ခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အတူ ကျောင်းသား ကျောင်းသူများအား မြန်မာဘာသာစကား စွမ်းရည်တိုးတက်မြင့်မားစေရန်နှင့် စာဖတ်စွမ်းရည်များ တိုးတက်မြင့်မားစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြန်မာစာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာနွယ်နွယ်အေးက ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပြိုင်ပွဲများအတွက် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**ပါဝင်ယှဉ်ပြိုင်**

ထို့နောက် ကျောင်းသား ကျောင်းသူများက ရုပ်လှဖို့ထက်စိတ်လှဖို့က အရေးကြီး၊ ကျန်းမာခြင်းသည်ချမ်းသာခြင်းထက်ပိုအရေးကြီး၊ သည်းခံခြင်းသည် အောင်မြင်ခြင်း၊ ကျေးဇူးသိတတ်ခြင်းသည် လူ့ယဉ်ကျေးမှုတစ်ခုဖြစ်သည်နှင့် သင်ဒဂုံတက္ကသိုလ်စာကြည့်တိုက်သို့သွားခဲ့လျှင် အစရှိသည့်ခေါင်းစဉ်များဖြင့် ကျပန်းစကားပြောပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သူ ၁၃ ဦး၊ ဖွေ့စ်ဘွတ်သုံးတာကောင်းတယ်(အဆို)၊ မကောင်းဘူး(အချေ)၊ အများအကျိုးဆောင် ကိုယ်ကျိုးအောင်တယ်(အဆို)နှင့် ကိုယ်ကျိုးပျက်တယ်(အချေ)၊ အပေါင်းအသင်းမိတ်ဆွေများတာကောင်းတယ်(အဆို)/မကောင်းဘူး(အချေ)အစရှိသည့်ခေါင်းစဉ်များဖြင့် စကားရည်လုပြိုင်ပွဲဝင် ၁၉ ဦး စုစုပေါင်း ၃၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/တွဲဖက်ပါမောက္ခ(ဌာနမှူး) ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၃၀၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှိုက်စွန့်ပစ်မှု ပညာပေးဟောပြော



**ကျုံပျော် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှိုက်စွန့်ပစ်မှု ပညာပေးဟောပြောပွဲကို အထက(၁) အောင်ဆန်းခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အမှိုက်ခွဲခြားစွန့်ပစ်မှုမှသည် လူနေမှုစည်းကမ်း ကောင်းမွန်ရေးကိုလည်းကောင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းက အမှိုက်စွန့်ပစ်မှု၊ သိမ်းဆည်းမှု လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်အင်ဂျင်နီယာ ဒေါ်စန္ဒာအေးက အမှိုက်ခွဲခြားစွန့်ပစ်မှုအကြောင်း သိကောင်းစရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး အမှိုက်အမျိုးအစားများနှင့် ဆောင်ပုဒ်များ ယှဉ်တွဲခြင်းကို ဝန်ထမ်းများက သရုပ်ဖော်ပြသခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အတည်ပြုလက်မှတ်ရေးထိုး



နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ရေးဆွဲညှိနှိုင်းစိစစ်ပြီးဖြစ်သည့် **"နိုင်ငံရေးပါတီများ** မှတ်ပုံတင်ခြင်းနည်းဥပဒေများ" ကို ကော်မရှင်အဖွဲ့ဝင်များက အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် တင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အတည်ပြုလက်မှတ်ရေးထိုးထုတ်ပြန်သည်။

ထို့နောက် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော အထွေထွေကိစ္စရပ်များကို အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁ / ၂၀၂၃ )**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် **"နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ"**ကို ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

**( ပုံ ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃ / ၂၀၂၃ )**
၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း ၁၁ ရက်
**( ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၃၁ ရက် )**

**နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့် နှင့် မှတ်ပုံတင်ခွင့်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ တွင် အကျုံးဝင်သော ပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)၊ နေပြည်တော်သို့ ဤကြေညာချက် ထုတ်ပြန်သည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**( ပုံ ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂ / ၂၀၂၃ )**
၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၃၁ ရက် )

**နိုင်ငံရေးပါတီ တည်ထောင်ခွင့် နှင့် မှတ်ပုံတင်ခွင့်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

၃။ နိုင်ငံရေးပါတီ တည်ထောင်လိုသူများသည် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)၊ နေပြည်တော်သို့ ဤကြေညာချက် ထုတ်ပြန်သည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**( ပုံ ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် " နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ " ကို ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါနည်းဥပဒေများကို နေ့စဉ်ထုတ်သတင်းစာများတွင် အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြထားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် Download ပြုလုပ်၍ ရယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အုတ်ရှစ်ပင်(ရွှေကျင်တောတိုက်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

တောင်သာ ဇန်နဝါရီ ၃၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ကွပ်ကဲမှုအောက်ရှိ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇဂျမ်းကျေးရွာအုပ်စု အုတ်ရှစ်ပင်(ရွှေကျင်တောတိုက်)ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေများရရှိရန် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် အုတ်ရှစ်ပင် (ရွှေကျင်တောတိုက်)ကျေးရွာတွင် အနက်ပေ ၉၀၀ ရှိ တွင်းနက်စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာရှိ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၆၈၂ သန်းဖြင့် ၂၀၂၂ ခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်။ နိုင်ငံကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

ပြည်ထောင်စုကို ပြည်နယ်နှင့် တိုင်းများပေါင်းစည်း၍ ဗဟိုအာဏာပိုင်အဖွဲ့က စီမံခန့်ခွဲသည်ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုသည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ် ခုနစ်ခုတို့ဖြင့် ပေါင်းစည်းသတ်မှတ်ထားသည်။ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ မှီတင်းနေထိုင်ကြသည်။

## ပြည်ထောင်စုစနစ်

၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ကို တည်ထောင်နိုင်ခဲ့ပြီး နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို လွှတ်တော်သို့ မတင်သွင်းမီ ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော ဂျူဗလီဟော ပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်တို့ ဗမာပြည်သစ်ကို တည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင်မလား၊ လူမျိုးကြီးတစ်မျိုးတည်းပဲဆိုတဲ့ တိုင်းပြည်မျိုး (Unitary State) တည်ထောင်မလားဆိုတဲ့မေးခွန်းကို ဖြေဆိုလိုတယ်။ ကျွန်တော့်အမြင်အရဆိုရင်တော့ အထက်လူမျိုးရေးအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးမျိုးတွေကို စည်းကမ်းသတ်မှတ်ပေးပြီးတော့ (Unitary States) လူမျိုးကြီးတစ်မျိုးတည်းဆိုတဲ့ နိုင်ငံမျိုးတော့ ထောင်လို့မဖြစ်ဘူး၊ ပြည်ထောင်စုသဘောမျိုးပဲဖြစ်ရမယ်"ဟု နိုင်ငံတော်၏ရှေ့ခရီးလမ်းကို တွက်ဆပြခဲ့သည်။ ထို့ပြင် "အထူးသဖြင့် ပြည်ထောင်စုဟာ စီးပွားရေးတိုးတက်မှုကို စုပေါင်းပြီး စနစ်တကျစီစဉ်နိုင်မယ့် ပြည်ထောင်စုမျိုးဖြစ်ရလိမ့်မယ်။ ဒါမှလူမျိုးအားလုံးတိုင်းသူပြည်သားအများဆုံး တိုးတက်မှုကို လုပ်နိုင်မှာပဲ၊ ပေါင်းတယ်ဆိုတာ အချင်းချင်းကောင်းကျိုးရှိအောင် ပေါင်းကြတာဖြစ်ပြီး ဆိုးကျိုးရှိအောင် ပေါင်းတာမျိုး ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး"ဟု ပေါင်းစည်းရခြင်း၏ရည်မှန်းချက်ကိုလည်း ပြောပြခဲ့သည်။ ပြည်ထောင်စုဟူသည့် စကားလုံး၏ရှေ့ပြေးနိမိတ်ပင်ဖြစ်သည်။

## ငြိမ်းချမ်းရေး

"ငြိမ်းချမ်း" ကို ဆူပူလှုပ်ရှားထကြွခြင်း၊ နှောင့်ယှက်ခြင်း ကင်းသည်ဟုလည်းကောင်း၊ "ငြိမ်းချမ်းရေး"ကို ဆူပူလှုပ်ရှားထကြွခြင်း၊ စစ်မက်စသည်တို့ ကင်းမဲ့သောအဖြစ်ဟုလည်းကောင်း မြန်မာအဘိဓာန်က ဖွင့်ဆိုသည်။ စင်စစ် ရန်လိုမှုနှင့် အကြမ်းဖက်မှုကင်းစင်လျက် လူမှုအသိုက်အဝန်း၌ ချစ်ကြည်မှုနှင့် သဟဇာတဖြစ်မှုကို ရှေးရှုသည့် သဘောတရားပင်ဖြစ်တော့သည်။ ငြိမ်းချမ်းရေးသည် လူတစ်ဦးချင်းစီ၏ လွတ်မြောက်မှုပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် လွတ်လပ်မှုပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် သစ္စာတရားပင်ဖြစ်သည်။



ပင်လုံညီလာခံသို့ တက်ရောက်လာကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ငြိမ်းချမ်းရေးဆိုသည်မှာ အပြောလွယ်သလောက် အတိအကျအဓိပ္ပာယ်ဖော်ရခက်သော ဝေါဟာရဖြစ်သည်ဟုလည်း ဆိုကြသည်။ ငြိမ်းချမ်းရေးကို အလွယ်ကူဆုံးနားလည်နိုင်ရန်အတွက် လူတစ်ဦးချင်းစီ၏ သဘာဝအလျောက် ငြိမ်းချမ်းသည်ဟု ဆိုနိုင်သောအခြေအနေတွင် မည်သို့မည်ပုံခံစားရသည်ကို စတင်လေ့လာသင့်သည်ဟု ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ပညာရှင်အများအပြားက ငြိမ်းချမ်းမှုဟူသည် သဘာဝအလျောက်ဖြစ်တည်နေသည့် လူမှုဆက်ဆံရေးအခြေအနေတစ်ခုဟု လက်ခံကြသောကြောင့်ဖြစ်သည်။

လူမှုရေးသဘောတရားအရ လူတစ်ဦးချင်းသို့မဟုတ် မျိုးကွဲ(ပြည်ပ သို့မဟုတ် ကွဲပြားသော) အုပ်စုများအကြား (စစ်ပွဲကဲ့သို့) ပဋိပက္ခများကင်းစင်ခြင်း သို့မဟုတ် အကြမ်းဖက်မှုအား ထိတ်လန့်ကြောက်ရွံ့မှုမှ ကင်းဝေးခြင်းကို ရည်ညွှန်းသည့်အချိန်တိုင်း၌ ငြိမ်းချမ်းရေးစကားလုံးအား သုံးနှုန်းကြသည်။ ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ပဋိပက္ခများမှ တစ်ဆင့် နိုင်ငံများ၊ ခေါင်းဆောင်များအတွက် နာမည်ကျော်ကြားရေပန်းစားခြင်းကဲ့သို့ အကျိုးအမြတ်ရရှိစေတတ်သည်။

ဤသို့ဖွင့်ဆိုရင်းမှပင် ကျွန်ုပ်တို့ပြည်ထောင်စုကြီး မငြိမ်းချမ်းလို့ ငြိမ်းချမ်းရေးလုပ်နေကြရတာလားဟု မေးခွန်းထုတ်နိုင်သည်။ ပွတ်တိုက်မှုအချို့သည် ပဋိပက္ခကို ဆောင်စေသည်။ ပဋိပက္ခကင်းစင်ခြင်းသည် ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် ပဋိပက္ခများကို အကြမ်းဖက်မှုအသွင်မဖြစ်စေရန် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရေးပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပဋိပက္ခများနှင့် မတည်ငြိမ်မှုအကြား လူးလွန့်လျက်ရှိသည့်နိုင်ငံဖြစ်နေသည်။ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တို့သည် သမင်မွေးရင်း ကျားစားရင်းဖြစ်နေခဲ့သည်။ ပဋိပက္ခများနှင့် မတည်ငြိမ်မှုများက အရိပ်ပမာ အုပ်မိုးထားသောကြောင့် ပတ်ဝန်းကျင်နှင့် အခြားရပ်ဝန်းကမ္ဘာတို့၏ ဆိုညည်းမှုမှ လွတ်ကင်းရန် ရုန်းကန်နေရသည်။ ထိုသို့ရုန်းကန်နေမည့်အစား ကွဲပြားနေသောအစုအဖွဲ့အများအပြားတို့ စုစည်းညီညွတ်လိုက်ကြခြင်းသည်သာ ပဋိပက္ခများနှင့် မတည်ငြိမ်မှုအကြား လူးလွန့်နေမှုမှ လွတ်မြောက်မည်ဖြစ်သည်။ ပါဝင်ပတ်သက်သူတို့၏ ဉာဏ်ရည်၊ နှလုံးရည်၊ ယုံကြည်ချက်တို့သည် ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့သာ ဖြစ်သင့်သည်။ မိမိနိုင်ငံ၊ မိမိပြည်ထောင်စုအတွက် မွန်မြတ်သော စေတနာ၊ ထကြွလုံ့လရှိသော စွမ်းအားတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြပါက လိုရာခရီးပေါက်၊ စိတ်အကြံမြောက်မည်သာ ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ တည်ရှိမှုသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာတည်သည်။ ငြိမ်းချမ်းသာယာသောနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ဝယ် အရှိန်အဟုန်မပြတ်ရှေ့ဆက်နေကြသည်။ ငြိမ်းချမ်းသောနိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများသည်လည်း အလိုအလျောက် ဂုဏ်သိက္ခာရှိနေကြသည်။ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာသည် ကမ္ဘာ့အလယ်တွင်မြင့်မားနေစေ ရန် ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့လိုသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးသည် မလွဲမသွေလိုအပ်သည်။

ဝါဒအမြင်များကြောင့် ပဋိပက္ခများသည် ပိုမိုရှင်သန်လာခဲ့သည်။ အမြင်မတူမှုများကြောင့်ပင် လွတ်လပ်ရေးကိုဖော်ဆောင်ရာ၌ တစ်ပါးသူ၏ အကြည့်စိမ်းကိုခံရဖူးသည်။ နန်းရင်းဝန်အက်တလီ၏ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသည်။ ထိုနေ့တွင်ပင် နယူးဒေလီမြို့သို့ရောက်သည်။ နယူးဒေလီတွင် ခြောက်ရက်မျှ နေခဲ့သည်။ ထို့နောက် လန်ဒန်သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် နန်းရင်းဝန်အက်တလီတို့ တိုင်းပြည်ရှေ့ရေးကို အကျေအလည်ဆွေးနွေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းသားများသည်လည်း ဗမာလူမျိုးများနှင့် တပေါင်းတစည်းတည်းပူးတွဲ၍ လွတ်လပ်ရေးကို ရယူလိုကြောင်း စသည်ဖြင့် ဆွေးနွေးနေခိုက်ဖြစ်သည်။

အက်တလီထံသို့ တစ်နေ့သောအခါ သံကြိုးစာတစ်စောင်ရောက်လာသည်။ အက်တလီက ထိုသံကြိုးစာကိုဖတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကို ထိုးပေးလိုက်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက ထိုသံကြိုးစာကိုဖတ်ပြီး မျက်နှာပျက်သွားလေသည်။ ထိုသံကြိုးစာမှာ ရှမ်းစော်ဘွားများက ရိုက်ကြားလိုက်သည်ဆိုသော သံကြိုးစာဖြစ်သည်။ သံကြိုးစာတွင် "ဗိုလ်ချုပ်အောင်ဆန်းသည် သူတို့ (ရှမ်းစော်ဘွားများ)က ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်မဟုတ်၊ ဗိုလ်ချုပ်အောင်ဆန်းပြောသော စကားများကို သူတို့ တာဝန်မခံနိုင်ပါ"ဟူ၍ပင်ဖြစ်သည်။

ဝါဒအမြင်ကြောင့်ပင် လွတ်လပ်ရေးခရီးကို လျှောက်လှမ်းရင်းပဋိပက္ခသည် စတင်လာခဲ့သည်။ သို့သော်လည်း ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးကို အမှန်တကယ်ရယူလိုသော ရှမ်းပြည်လူငယ်ခေါင်းဆောင်များက ထိုသံကြိုးစာကိစ္စကို ကြားသိလျှင် ကြားသိချင်း တောင်ကြီးမြို့တွင် လူထုအစည်းအဝေးကြီးတစ်ရပ်ကို ချက်ချင်းခေါ်ယူကာ "ဗမာနိုင်ငံတော်နှင့် လက်တွဲပူးပေါင်းပြီး လွတ်လပ်ရေးကို အရယူမည်"ဟူသော ဆုံးဖြတ်ချက်ကို ချလိုက်ကြသည်။ ထို့နောက် ထိုသဘောမျိုး သက်ရောက်သည့် သံကြိုးစာများကိုလည်း နန်းရင်းဝန်အက်တလီသို့ တစ်စောင်၊ ဗိုလ်ချုပ်အောင်ဆန်းသို့ တစ်စောင် ပို့လိုက်ကြလေသည်။ ထိုအခါမှ ဗိုလ်ချုပ်အောင်ဆန်းက နန်းရင်းဝန်အက်တလီအား သူ့သံကြိုးစာကို ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြလေသည်။ စကားလုံးများဖြင့် သာမန်ဖြေရှင်းသင့်ရာမှ မလိုအပ်သောနှောင့်နှေးမှုကိုဖြစ်စေခြင်းသည် သင်ခန်းစာပင်ဖြစ်သည်။

သံကြိုးစာနှစ်စောင်၏ နောက်ဆက်တွဲဂယက်ကား မနည်းလှပါချေ။ နန်းရင်းဝန်အက်တလီက "တောင်တန်းသားများ၏ ဆန္ဒကား...မည်သို့"ဟူ၍ လက်တွေ့လေ့လာစုံစမ်းရန် အတွင်းဝန်ကလေးအသာဘော့တွန်လီ ( British Undersecretry of State for Dominion Affairs , Mr, A. G Bottomley) ကို ဖေဖော်ဝါရီလဆန်းတွင် ဗမာနိုင်ငံတော်သို့ စေလွှတ်လိုက်သည်။ **စာမျက်နှာ ၉ သို့** ✻

> **မြန်မာနိုင်ငံသည် ပဋိပက္ခများနှင့် မတည်ငြိမ်မှုအကြား လူးလွန့်လျက်ရှိသည့်နိုင်ငံဖြစ်နေသည်။ ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တို့သည် သမင်မွေးရင်း ကျားစားရင်းဖြစ်နေခဲ့သည်။ ပဋိပက္ခများနှင့် မတည်ငြိမ်မှုများက အရိပ်ပမာအုပ်မိုးထားသောကြောင့် ပတ်ဝန်းကျင်နှင့် အခြားရပ်ဝန်းကမ္ဘာတို့၏ ဆိုညည်းမှုမှလွတ်ကင်းရန် ရုန်းကန်နေရသည်။ ထိုသို့ရုန်းကန်နေမည့်အစား ကွဲပြားနေသောအစုအဖွဲ့အများအပြားတို့ စုစည်းညီညွတ်လိုက်ကြခြင်းသည်သာ ပဋိပက္ခများနှင့် မတည်ငြိမ်မှုအကြား လူးလွန့်နေမှုမှ လွတ်မြောက်မည်**

✻ စာမျက်နှာ ၈ မှ

သို့အတွက်ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းသည် ခရီးရောက်မဆိုက်ပင် ပင်လုံကွန်ဖရင့် ခေါ် ပင်လုံညီလာခံကြီးကို ကျင်းပရတော့သည်။

ညီလာခံမကျင်းပမီ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညပိုင်းတွင် ပင်လုံညီလာခံထမင်းစားပွဲကြီး၌ "ယနေ့ညဟာ ရက်ကောင်းဖြစ်တဲ့ညပဲ၊ အခုကျင်းပတဲ့ ပင်လုံအစည်းအဝေးကြီးဟာ ရာဇဝင်မှာ မကြုံဖူးတဲ့ အစည်းအဝေးကြီးဖြစ်ပါတယ်၊ ရှေးအခါက ရှမ်း၊ ဗမာ၊ ကရင်၊ ကချင်၊ ချင်းအမျိုးသားတို့ အချင်းချင်း အထင်မှား သဘောကွဲလွဲချက်များရှိခဲ့သော်လည်း ယခုတော့ ဒီသဘောကွဲလွဲချက်များ မရှိကြတော့ပါဖူး၊ ဗမာနှင့် ရှမ်း စသောတောင်တန်းနယ်သားများအားလုံးတို့ ကောင်းရာကောင်းကြောင်းအချိန်သို့ ဆိုက်ရောက်လာပါပြီ၊ ဒီအစည်းအဝေးကြီးမှာ ကျွန်တော်တို့အချင်းချင်း သွေးကွဲအောင် ခြေထိုးသူတွေ ရှိကြောင်းကို သိပါတယ်၊ သူတို့ရှိပေမယ့် ကျွန်တော်တို့ မ အပါဘူး၊ ကျွန်တော်တို့ လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးသွားမယ်ဆိုတာ ယုံကြည်ပါ..." အစရှိသော တောင်ပိုင်းစော်ဘွားကြီး၏ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ဖွင့်ဟပြောကြားချက်သည်လည်းကောင်း၊ "ကျွန်တော် ဒီရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုပဲရှိပါတယ်၊ ဘာလို့လဲဆိုရင် ဗမာပြည် လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ်၊ ကြီးပွားစေချင်တယ်၊ ဒီဟာပါပဲ..." အစချီသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ပွင့်ပွင့်လင်းလင်းပြောကြားချက်ဖြင့်လည်းကောင်း ဖြတ်ကျော်နိုင်ခဲ့ကြသည်။ ပင်လုံညီလာခံကြီးသည် လွတ်လပ်ရေးခရီးလမ်းဝယ် မှတ်တမ်းတင်ခဲ့ရသည့် နေ့ထူးနေ့မြတ်ဖြစ်ခဲ့ရသည်။ မတူညီမှုများကား ရှိနေမည်သာဖြစ်သည်။ ဘုံရည်မှန်းချက်ကား တစ်သဘောတည်းဖြစ်ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးဝယ် ထိုသဘောထားသည် အရေးပါဆဲဖြစ်သည်။

ထိုနှယ်ပင် မတူညီမှုများသည် ပေါင်းစည်းနေကြရာမှ အက်ကွဲတတ်သည့်သာဓကလည်း ရှိဖူးသည်။ လွတ်လပ်ရေးကို အတိုတောင်းဆုံးသောအချိန်အတွင်းရကြတော့မည်ဟု မြန်မာတိုင်းရင်းသားထုတို့ ဝမ်းသာနေချိန်တွင် ကိုယ်စားလှယ်အဖွဲ့ဝင်နှစ်ဦးက "ယခုရမည့်လွတ်လပ်ရေးမှာ အစစ်အမှန် လွတ်လပ်ရေးမဟုတ်" ဟူသောသဘောမျိုးဖြင့် လက်မှတ်မထိုးဘဲ နေကြပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်တို့အထဲ လူနှစ်ယောက်ပါလာတယ်၊ အစကတည်းက တစ်မူးဖိုး ပိုရှူဖို့ပါလာပြီး အဲဒီတစ်မူးဖိုး ပိုရှူဖို့ နေရာတကာလုပ်တယ်၊ တိုတိုပြောရရင် နောက်ဆုံးအထိ ကျွန်တော်တို့ တင်တဲ့ကိစ္စမှာ အကုန်လုံးဆွေးနွေးပြီးလို့ လက်ခံပါပြီပြောမှ... အဲဒီတော့မှ...ကျွန်တော်တို့ မပါပါဘူးလို့ ပြောကြတယ်၊ ကျွန်တော့်ကို ချောက်ချဖို့ပါပဲ၊ ဒါပေမဲ့ မကြောက်ဘူး..."ဟု ပြောကြားခဲ့သည်က မှတ်သားစရာပင်ဖြစ်သည်။ ငြိမ်းချမ်းရေးအတွက် လက်မှတ်ရေးထိုးခါနီးမှ နောက်ဆုတ်သွားကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့နှယ် ဖြစ်စဉ်တူညီလေတော့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တောင်ပိုင်းလက်နက်ကိုင် အဖွဲ့ (RCSS/SSA) ကိုယ်စားလှယ်အဖွဲ့တို့ ၂၀၂၂ ခုနှစ် မေ ၂၀ ရက်က ငြိမ်းချမ်းရေးဆွေးနွေးမှုမှတ်တမ်းဓာတ်ပုံ။

အပြန်အလှန်ယုံကြည်ခြင်းသည် ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ၂၀၂၂ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစခဲ့သည်ကို တွေ့ရသည်။ သက်ဆိုင်သူ အဖွဲ့အစည်းအားလုံးကိုလည်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် "ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ရည်မှန်းချက်နှစ်ရပ်ဖြင့် သဘောထားကွဲလွဲသည့် မည်သည့်အဖွဲ့အစည်းမဆို ဆွေးနွေးမည်ဟု ဖိတ်ခေါ်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့်အတူ မြန်မာနိုင်ငံကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောရန်နှင့် စားရေရိက္ခာဖူလုံစေရန် တိုင်းရင်းသားပြည်သူများနှင့် တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်းဆိုခဲ့သည်။ ကမ္ဘာ့နိုင်ငံများက ပဋိပက္ခများနှင့် ပြည့်နှက်နေပါသည်ဆိုသည့် နိုင်ငံဝယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ လက်တွေ့ဆောင်ရွက်ပြနေခြင်းများသည် ငြိမ်းချမ်းရေးကို လိုလားသောပြည်သူများအတွက် အားတက်စရာပင်ဖြစ်သည်။ တိုင်းရင်းသားတို့အတွက် စိတ်အေးစရာပင်ဖြစ်ပါသည်။

❛ အပြန်အလှန်ယုံကြည်ခြင်းသည် ငြိမ်းချမ်းခြင်းပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ၂၀၂၂ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစခဲ့သည်ကို တွေ့ရသည်။ သက်ဆိုင်သူအဖွဲ့အစည်းအားလုံးကိုလည်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရန်ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် "ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ရည်မှန်းချက်နှစ်ရပ်ဖြင့် သဘောထားကွဲလွဲသည့် မည်သည့်အဖွဲ့အစည်းမဆိုဆွေးနွေးမည်ဟု ဖိတ်ခေါ်ခဲ့ ❜

လတ်တလောမြင်ကွင်းများသည် ပီတိဖြစ်ဖွယ်ရှိသည်။ အောင်မြင်မှုများ၊ နားလည်မှုများ၏ ရောင်စဉ်ကို မြင်နေရသည်။ ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ဘက်နှစ်ဖက်၊ တစ်နည်းအားဖြင့် ပါဝင်ပတ်သက်သူတို့ မျက်နှာချင်းဆိုင်ဆွေးနွေးကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အစိုးရက မည်သို့ချဉ်းကပ်နေသနည်းဟူသည့် အဖြေပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းသော ပဋိပက္ခသည် တိုင်းရင်းသားများနှင့် ဆက်စပ်နေသည်။ လူမျိုးတစ်ရာကျော်ရှိနေသည့် နိုင်ငံဝယ် တစ်ဦးနှင့်တစ်ဦး နားလည်ကြရန်၊ ကိုယ်ချင်းစာတရားထားတတ်ကြရန်၊ သည်းခံတတ်ရန်လည်း မွေးမြူကျင့်သုံးသင့်သည်။ အများစုကို လေးစားရန် လိုအပ်သလို အနည်းစု၏ လိုအင်ဆန္ဒကိုလည်း မျက်ကွယ်မပြုတတ်ရန်လိုသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်သွားကြရေးအတွက် ပဋိပက္ခများကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဖြေရှင်းသင့်သည်။ ဒီမိုကရေစီသည် ပဋိပက္ခများကို အကြမ်းနည်းဖြင့်ဖြေရှင်းခြင်းကို အားမပေးကြောင်း တွေ့နိုင်သည်။ သို့ကြောင့်ပင် လက်ရှိအစိုးရ၏ နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်စလုံးတွင် "ဒီမိုကရေစီစနစ်"၊ " ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်" ဟူသည့် ဒီမိုကရေစီကို အခြေခံသည့် ရည်မှန်းချက်များကို အကောင်အထည်ဖော်နေခြင်းဟု ခန့်မှန်းနိုင်သည်။

လူတစ်ဦးနှင့်တစ်ဦး မသိမကျွမ်းသော်လည်း၊ ဒေသတစ်ခုနှင့်တစ်ခု ဝေးကွာနေကြသော်လည်း၊ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသူအားလုံး၏ လူမျိုး၊ ယဉ်ကျေးမှုနှင့် ဘာသာတရား စုံလင်ထွေပြားနေသော်လည်း ပဋိပက္ခဟူသည် ပြည်ထောင်စုသား ညီအစ်ကိုမောင်နှမများဟူသည့် ကြာရှည်ခိုင်မြဲနေသည့် သံယောဇဉ်ကြောင့် ကျော်လွှားနိုင်သည်ချည်းဖြစ်သည်။ ရောဂါဖြစ်လိုက် ဆေးသောက်လိုက်နှင့် ဆေးမယဉ်ကြရန်သာ သတိပြုသင့်သည်။

"အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်လို့ ရရင်တော်ပါပြီ"ဟူသော စကားသည် မငြိမ်မသက်သော ဒေသနေလူတို့ပြောစကားဖြစ်သည်။ ထိုသူတို့သည် ပစ်ခတ်မှုများ၊ အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုများမှ ကင်းလွတ်ကာ အေးချမ်းစွာရောင်းဝယ်ဖောက်ကား နေထိုင်ကြလိုသူများဖြစ်သည်။ ငြိမ်းချမ်းရေးရရှိပါက ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်မည်ဟူသော အသိရှိကြသည်။ ငြိမ်းချမ်းမှသာ တရားဥပဒေစိုးမိုးသော နယ်မြေကို တည်ထောင်နိုင်မည်။ ငြိမ်းချမ်းရေးသည် လူထုပါဝင်လာမှုအင်အားကို ဖြစ်တည်စေသည်။ ထို့အတူ ငြိမ်းချမ်းရေးသည် ပြည်သူတို့ကို သက်သောင့်သက်သာဖြစ်စေသည်။ သို့ကြောင့်ပင် ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနေရခြင်းဖြစ်သည်။

မိုးရေစက်များ စုပေါင်းအားဖြင့် ရေစီးကောင်းသောချောင်းဖြစ်ခဲ့ရသည်။ ချောင်းမှသည် မြစ်၊ မြစ်မှသည် ပင်လယ်၊ ပင်လယ်မှသည် သမုဒ္ဒရာထိတိုင် တက်လှမ်းနိုင်သည်သာဖြစ်သည်။ တိုင်းရင်းသားတို့၏ နှလုံးသားများ ပေါင်းစုကာ တိုင်းပြည်စွမ်းအားကိုဖြစ်စေသည်။ ထိုစွမ်းအားသည် ငြိမ်းချမ်းရေးကို ရယူနိုင်ရေးအတွက် ကြိုးပမ်းကြရာ၌ အင်အားအဖြစ် တည်ရှိမည်သာဖြစ်သည်။ ပြည်ထောင်စု၏ ရေရှည်အကျိုးစီးပွားနှင့် မျိုးဆက်သစ် သားမြေးများအတွက် ပန်းမွေ့ရာလမ်းခင်းနိုင်ရေးသည် ယနေ့မျက်မှောက် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်။ တာဝန်ရှိသည်ဟုလည်းခံယူကာ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုသည်။ သို့မှသာ "ကမ္ဘာတည်သရွေ့ မြန်မာတည်ရှိနေမည်" မဟုတ်ပါလော။ ။

မှီငြမ်း–

၁။ ဗိုလ်မှူးဘသောင်း(မောင်သုတ)၊ ဗမာ့တော်လှန်ရေးသမိုင်း။

၂။ သုတပဒေသာစာစောင် (၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဝန်ထမ်းများပျော်ပွဲရွှင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဝန်ထမ်းများပျော်ပွဲရွှင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဇနီး ဒေါ်သန်းသန်းလင်း၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

ထမနဲထိုးပြိုင်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ စုစုပေါင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြရာ ပြည်တွင်းအခွန်များဦးစီးဌာနက ပထမ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက ဒုတိယ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် ငွေတိုက်ဦးစီးဌာနတို့က တတိယ၊ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံးက စတုတ္ထ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့က ပဉ္စမဆုနှင့် ကျန်အသင်းများက နှစ်သိမ့်ဆုများ ရရှိကြသည်။

ထို့နောက် ဝန်ထမ်းများ၏ပျော်ပွဲရွှင်ပွဲအဖြစ် ကြိုက်နှစ်သက်ရာတေးသီချင်းများ သီဆိုပြိုင်ပွဲ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်း ၂၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအကဲများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ယခုနှစ် ထမနဲထိုးပြိုင်ပွဲသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ (၇) ကြိမ်မြောက် ကျင်းပသော ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် စွမ်မိုင်ရပ်ရှိ တိုင်းနေနာရေးကူညီမှုအသင်း ရုံးအသစ်ဖွင့်လှစ်



**နေပြည်တော် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် စွမ်မိုင်ရပ်ရှိတိုင်းနေနာရေးကူညီမှုအသင်း ရုံးအသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် အဆိုပါရုံး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ နာရေးကူညီမှုအသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူး၊ တိုင်းနေနာရေးကူညီမှုအသင်းနာယက၊ ကွရင်စီသီလရှင်ကျောင်းမှ ဆရာလေးနှင့် တိုင်းရင်းသားပေါင်းစုံ လူမှုကူညီရေးအသင်းဥက္ကဋ္ဌတို့က တိုင်းနေနာရေး ကူညီမှုအသင်းရုံးအသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ ထို့နောက် တိုင်းမှူးက ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ပေးအပ်သော ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့ငွေများကို လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စေတနာထား၍ တည်ဆောက်ပေးသော MINN PIONEER GROUP COMPANY အား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းနေနာရေးကူညီမှုအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇) ကြိမ်မြောက် အာဆီယံ ကျန်းမာသောနေထိုင်မှုစနစ်မြှင့်တင်ရေး ကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

(၇)ကြိမ်မြောက် အာဆီယံ ကျန်းမာသောလူနေမှုစနစ်မြှင့်တင်ရေး ကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ အစည်းအဝေး (7th Meeting of ASEAN Health Cluster 1: Promoting Healthy Lifestyle) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၈ နာရီခွဲတွင် Hybrid စနစ်ဖြင့် ကျင်းပသည်။

**နှုတ်ခွန်းဆက် အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ASEAN Senior Officials' Meeting on Health Development (SOMHD)၏ မြန်မာနိုင်ငံဆိုင်ရာသဘာပတိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက နှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် နှစ်နှစ်တာကာလအတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ အာဆီယံ ကျန်းမာရေးဆိုင်ရာအစုအဖွဲ့-၁ ကို မြန်မာနိုင်ငံမှ သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ ပါ လုပ်ငန်းရပ်များကို မဟာဗျူဟာစီမံကိန်းနှင့်




လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအဖွဲ့၏ ၂၀၁၅ ခုနှစ်နောက်ပိုင်း ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ် (ASEAN Post–2015 Health Development Agenda – APHDA)အရ အာဆီယံအသိုက်အဝန်းအတွင်း ကျန်းမာသောနေထိုင်မှုစနစ်ရရှိစေရန် ချမှတ်ထားသောရည်မှန်းချက်ပန်းတိုင်များ၊ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကျန်းမာရေးစနစ်မြှင့်တင်ရန် လိုအပ်ချက်များအား လုပ်ငန်းစီမံချက်တွင် ပါရှိသည့်အတိုင်း ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဆောင်ရွက်မှုလုပ်ငန်းစဉ်အသစ်များနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံအချင်းချင်း မျှဝေပေးရန် လိုအပ်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် အာဆီယံကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ (ASEAN Health Cluster 1) ကို ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွက် နှစ်နှစ်တာ တာဝန်ယူဆောင်ရွက်ရန် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ သဘာပတိတာဝန် လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံက လက်ခံရယူသည်။

ထို့နောက် အစည်းအဝေးကို မြန်မာနိုင်ငံက သဘာပတိအဖြစ်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံမှ ပူးတွဲသဘာပတိအဖြစ်လည်းကောင်း တာဝန်ယူ၍ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေး၊ အရက်သောက်သုံးမှုထိန်းချုပ်ရေး၊ ထိခိုက်မှုအန္တရာယ်ကာကွယ်ရေး၊ စိတ်ကျန်းမာရေး၊ လုပ်ငန်းခွင်ကျန်းမာရေး၊ သက်ကြီးရွယ်အိုကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် ကျန်းမာသောအစားအသောက်များ ရွေးချယ်စားသုံးနိုင်ရေး စသည်တို့နှင့် ပတ်သက်၍ အာဆီယံအဖွဲ့၏ ၂၀၁၅ ခုနှစ်နောက်ပိုင်း ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ် (ASEAN Post–2015 Health Development Agenda – APHDA) အရ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ဆွေးနွေးမည်ဖြစ်ပြီး ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ အစည်းအဝေးကို သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ အာဆီယံကျန်းမာရေးဆိုင်ရာ အစုအဖွဲ့-၁ (ASEAN Health Cluster 1) ဆိုင်ရာ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးမှတာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) လပွတ္တာမြို့နယ်အတွင်းရှိကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် လပွတ္တာမြို့နယ်အတွင်းရှိကျေးရွာများမှ ဒေသခံပြည်သူ ၁၇၉၈ ဦးကို ၎င်းမြို့ရှိ ဦးဟိုက်ပင့်တံတားဆိပ်ကမ်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၄၈၁ ဦး၊ ခွဲစိတ်ရောဂါ ၁၂၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၈ ဦး၊ ကလေးရောဂါ ၇၃ ဦး၊ အရိုးအကြောရောဂါ ၃၆၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၄၃ ဦး၊ မျက်စိရောဂါ ၄၁၉ ဦးနှင့် သွားရောဂါ ၁၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၅၄ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၄၀ တို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၈၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တပ်မတော်တွင် ဒုတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

တပ်မတော်တွင် ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)ရှိ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

**ခွဲစိတ်ကုသ**

အသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ ဦးသောင်းဝင်းနှင့် ၎င်း၏ အသည်း အလှူရှင်ဖြစ်သော ဦးဖြိုးအောင်ဇင်တို့ကို ခွဲစိတ်ကုသဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အသည်းအစားထိုးခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံ လူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လိုအပ်သောပြုစု ကုသမှုများကို အထူးကြပ်မတ်ကုသခန်း၌ သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့အသည်းအစားထိုးခွဲစိတ်ကုသမှုကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ အသုံးပြုခြင်းအပေါ် အသိပညာပေးဆွေးနွေးဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မဲခေါင်သိပ္ပံအထောက်အပံ့ဖြင့် မဲခေါင်ဒေသတွင်းထုတ်လုပ်သူမှ စားသုံးသူအထိ စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး နည်းပညာများဆိုင်ရာ သင်တန်း၏ အဆင့်-၂ အဖြစ် ဆောင်ရွက်သည့် "စိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ အသုံးပြုခြင်းအပေါ် အသိပညာပေးဆွေးနွေးဖလှယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်မင်္ဂလာဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက လယ်ယာကဏ္ဍတွင် တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ လယ်ယာသုံးစွန့်ပစ်ပစ္စည်းများ မွေးမြူရေးလုပ်ငန်း ဘေးထွက်ပစ္စည်းများ အသုံးပြု၍ ဇီဝစွမ်းအင်ထုတ်လုပ်ခြင်းကို ကျေးလက်နေပြည်သူများ၏ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ၌ တွင်ကျယ်စွာအသုံးပြုနိုင်ရေး ထည့်သွင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Mekong Institute Program Manager Ms. Jian Wang က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးအင်ဂျင်နီယာဌာနတို့မှ ပညာရှင်များက ရေအားလျှပ်စစ်နည်းပညာ၊ ဇီဝရုပ်ကြွင်းလောင်စာ၊ ဆိုလာနည်းပညာသုံးစနစ်၊ လေအားလျှပ်စစ်နည်းပညာ၊ ဒရုန်းအသုံးပြုခြင်းနည်းပညာနှင့် စိုက်ပျိုးထုတ်လုပ်မှုတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးချခြင်းဆိုင်ရာနည်းပညာရပ် စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးကြရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခြင်း၊ သုံးသပ်အကြံပြုခြင်းများ ဆောင်ရွက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းနှစ်အပိုင်းအခြားအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအသုတ်မှ ပဉ္စမအသုတ်အထိ စိုက်ပျိုးရေးဦးစီးဌာနက စီမံကိန်း ၁၉ ခု ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ဆဋ္ဌမအသုတ်အနေဖြင့် စီမံကိန်း ၁၀ ခု တင်ပြထားခဲ့သည်။ ယခုကျင်းပသည့် စိုက်ပျိုးရေးကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ အသုံးပြုခြင်းအပေါ် အသိပညာပေးဆွေးနွေးဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲသည် ဆောင်ရွက်ဆဲစီမံကိန်း လုပ်ငန်းတစ်ခုအဖြစ် ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့နယ် ဖာမွန်းရှေ့၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်ကြီး ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဖာမွန်းကျေးရွာအုပ်စု ဖာမွန်းရှေ့ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**လုပ်ငန်းဆောင်ရွက်ပြီးစီး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းထွန်း၊ တောင်ကြီးမြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဖာမွန်းရှေ့ကျေးရွာတွင် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖာမွန်းရှေ့ကျေးရွာတွင် အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၈ သန်း၊ ကျေးရွာလူထုလုပ်အားများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၁၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ တစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၄၁,၉၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၈၂၀) ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၂၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နည်းပညာတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ရှမ်းပြည်နယ်နေ့အကြို Project ပြပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၃၁**

နည်းပညာတက္ကသိုလ်(တောင်ကြီး) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ရှမ်းပြည်နယ်နေ့အကြို Projectပြပွဲကို ယမန်နေ့ နံနက်၉နာရီက အေးသာယာမြို့ နည်းပညာတက္ကသိုလ် (တောင်ကြီး)၌ ကျင်းပသည်။



**ကြိုဆိုနှုတ်ခွန်းဆက်**

အခမ်းအနားတွင် နည်းပညာတက္ကသိုလ် (တောင်ကြီး) ကျောင်းသား ကျောင်းသူနှင့် ဆရာဆရာမများက "မြကျွန်းညိုညို" တေးသီချင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက် သီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနှစ်အလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ ပထမနှစ် ဒုတိယမြို့ပြအင်ဂျင်နီယာသင်တန်းတွင် ပထမဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လည်းကောင်း၊ တတိယနှစ်၊ စတုတ္ထနှစ် မြို့ပြအင်ဂျင်နီယာသင်တန်းတွင် ပထမဆုရရှိသူများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးကလည်းကောင်း၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် အီလက်ထရောနစ် အင်ဂျင်နီယာသင်တန်းတွင် ပထမဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းကလည်းကောင်း၊ အခြားဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နည်းပညာတက္ကသိုလ်(တောင်ကြီး) ကျောင်းသား ကျောင်းသူများက အပျိုတော်အက၊ တိုင်းရင်းသားပေါင်းစုံအက၊ ရှမ်းတိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေကပြကြသည်။ ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ နည်းပညာတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ် ဒေါက်တာခင်ထိုက်ထိုက်လွင်က လက်ခံရယူပြီး စုပေါင်းဓာတ်ပုံရိုက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော Project များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**လွိုင်လင် ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဟွေမုန်ငယ်-ထီခဲ-ကျူပေါ်လမ်းနှင့် တခေါ့တန်လမ်းခွဲ-ကောင်းငိုကျေးရွာလမ်း ဖောက်လုပ်နေမှုများကို တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟွေမုန်ငယ် - ထီခဲ - ကျူပေါ် လမ်းသည် လမ်းအရှည် (4.692 Km)အကျယ် လမ်းတာချဲ့ရန်နှင့် ဖြတ်မြေလုပ်ငန်းအပါအဝင် (5.48 m) အကျယ်အား သဲဖြုန်း(100 mm)ဒုခင်းရန် ၂/၇.၃၂၄ မိုင် လုပ်ငန်းသည် ၈၀ ရာခိုင်နှုန်းနှင့် တခေါ့တန်လမ်းခွဲ - ကောင်းငိုကျေးရွာလမ်း လမ်းအရှည် (4.692 Km) အကျယ် လမ်းတာချဲ့ရန်နှင့် ဖြတ်မြေလုပ်ငန်းအပါအဝင်(5.48 m) အကျယ်အား သဲဖြုန်း (100 mm)ဒုခင်းရန် ၂/၇.၀၂ မိုင် လုပ်ငန်းသည် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပေါက်တောမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ပေါက်တော ဇန်နဝါရီ ၃၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ညနေ ၃ နာရီက ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်း စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်စိန်နှင့် ပေါက်တောမြို့ အထကကျောင်းအုပ်ဆရာမကြီး ဒေါ်စံလှဝင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းအားစတင်ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က ဦးဆောင်ဆွေးနွေးကာ Grade -11 မှ မယုနန္ဒာကျော်က "လူငယ်နဲ့ ပေါင်းသင်း ဆက်ဆံရေး"၊ မအိသိင်္ဂီကျော်က "လူငယ်နှင့် စာဖတ်ခြင်း"၊ မောင်ရဲထက်အောင်က "လူငယ်နှင့် မူးယစ်ဆေးဝါး"၊ မောင်မျိုးသန့်နိုင်က "လူငယ်နဲ့ ကြီးပွားရေး"အစရှိသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးကြသည်။



**တက်ရောက်**

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးသူ ကျောင်းသား ကျောင်းသူ လေးဦးက ပြန်လည်ဖြေကြားခြင်းဖြင့် အပြန်အလှန်ဆွေးနွေးကြသည်။ အဆိုပါလူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ ပေါက်တောမြို့ အထကမှ ကြီးကြပ်ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၁၀၀ ခန့် တက်ရောက်ကြသည်။

ထို့ပြင် ခန်းမအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး မူးယစ်ဆေးဝါး နံရံကပ်စာစောင်ကို ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။**

# ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုး ယခုနှစ် ဇန်နဝါရီလအတွင်း ၂၅ ရာခိုင်နှုန်း ကျဆင်း



**ဟနွိုင်း ဇန်နဝါရီ ၃၁**

ဗီယက်နမ်နိုင်ငံ၏ ကန်သွယ်မှုတန်ဖိုးသည် ယခုနှစ် ဇန်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၅၆ ဘီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း အထိ ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံးက ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ပို့ကုန်မှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၈ ဘီလီယံရှိခဲ့ခြင်း ကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် သွင်းကုန်မှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၈ ဘီလီယံရှိခဲ့ခြင်းကြောင့် ၂၈ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့် နှစ်အတွင်းက နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၇၃၂ ဒသမ ၅ ဘီလီယံရှိခဲ့ခြင်း ကြောင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အထွေထွေစာရင်းအင်းရုံးက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**




# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မှတ်ချက်စကားအပေါ် တုံ့ပြန်အရေးယူဆောင်ရွက်သွားမည်ဟု အီရန် ပြောကြား

**တီဟီရန် ဇန်နဝါရီ ၃၁**

အီရန်နျူကလီးယားဆွေးနွေးပွဲ၏ရလဒ် အသက်ဝင်ရန် မအောင်မမြင်ဖြစ်နေသည် ဟူသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဘလင်ကန်၏ မှတ်ချက်စကားနှင့်ပတ်သက်၍ အီရန်က မိမိနိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်လာမည်ဆိုပါက ချက်ချင်းအရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၀ ရက်တွင် အမေရိကန်အား သတိပေးပြောကြားခဲ့ သည်။

အမေရိကန်၏ ယခုကဲ့သို့သော မှတ်ချက်စကားပြောဆိုလိုက်ခြင်းသည် နိုင်ငံတကာဥပဒေများနှင့် လိုက်နာစောင့်ထိန်းရမည့်တာဝန်ဝတ္တရားများကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းပင်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဆာကာနာနီက ပြောကြားသည်။

အီရန်နိုင်ငံက နိုင်ငံလုံခြုံရေးအတွက် နျူကလီးယားလက်နက်သုံးစွဲမည် မဟုတ်ဘဲ နျူကလီးယားမပြန့်ပွားရေး စာချုပ်ပါပြဋ္ဌာန်းချက်များအတိုင်း နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာနယ်ပယ်များတွင် အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံက ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့နိုင်ငံများနှင့် နျူကလီးယား သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နျူကလီးယားဆိုင်ရာ လုပ်ငန်းဆောင် ရွက်ချက်များကို လျှော့ချကာ အပြန်အလှန်အားဖြင့် ကမ္ဘာ့နိုင်ငံများ၏ အရေးယူပိတ်ဆို့ မှုများကို လျှော့ချနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံက နျူကလီးယား သဘောတူညီချက်မှ ၂၀၁၈ ခုနှစ် မေလတွင် တစ်ဖက်သတ်နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဇင်ဘာဘွေနိုင်ငံ၌ ယမန်နှစ်အတွင်း တောရိုင်းတိရစ္ဆာန်သတ်ဖြတ်ခံရမှု လျော့နည်းကျဆင်း

**ဟာရီရီ ဇန်နဝါရီ ၃၁**

တောင်အာဖရိကဒေသ ဇင်ဘာဘွေနိုင်ငံ၌ ယမန်နှစ် အတွင်း အမျိုးသားတောရိုင်းတိရစ္ဆာန်သတ်ဖြတ်မှု ကာကွယ်ရေး လှုပ်ရှားမှုများသည် အောင်မြင်မှုရရှိလာပြီး တောရိုင်းတိရစ္ဆာန် သတ်ဖြတ်ခံရမှုများ လျော့နည်းလာကြောင်း ဇင်ဘာဘွေ အမျိုးသားဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန် စီမံခန့်ခွဲရေးအာဏာပိုင် အဖွဲ့က ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားသည်။

နိုင်ငံတစ်ဝန်း၌ ၂၀၂၁ ခုနှစ်အတွင်းက တောရိုင်းတိရစ္ဆာန် ၄၂ ကောင် သတ်ဖြတ်ခံရပြီး ၂၀၂၂ ခုနှစ်တွင် ၃၆ ကောင် သတ်ဖြတ်ခံရသည်ကိုတွေ့ရှိရကြောင်း အဆိုပါအဖွဲ့၏ပြောရေး ဆိုခွင့်ရှိသူ တီနာရှီက ပြောကြားသည်။ ယမန်နှစ်အတွင်း သတ်ဖြတ်ခံခဲ့ရသည့် တောရိုင်းတိရစ္ဆာန်များမှာ ဆင် ၂၅ ကောင်၊ ကြံ့ခုနစ်ကောင်နှင့် ခြင်္သေ့ လေးကောင်တို့ဖြစ်ကြောင်း သိရ သည်။

ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ယမန်နှစ်အတွင်း သတ်ဖြတ်ခံရသည့် တောရိုင်းတိရစ္ဆာန်ကောင်ရေ သိသိသာသာ ကျဆင်းလာကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါ လှုပ်ရှားမှု ကြောင့် ရိုင်ဖယ်သေနတ် ၂၅ လက်၊ ဆင်စွယ် ၁၂၃ ခု၊ ကြံ့ချိုသုံးခု အပါအဝင် နိုင်ငံတစ်ဝန်း တောရိုင်းတိရစ္ဆာန် ထောင်ချောက် ၅၅၃၀ ကို ဖယ်ရှားပေးနိုင်ခဲ့ကြောင်း သိရသည်။ ဇင်ဘာဘွေနိုင်ငံ သည် ကမ္ဘာပေါ်တွင် ဆင်ကောင်ရေ ဒုတိယအများဆုံးရှိသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

**ကိုးကား – စီဂျီတီအင်န်**
**ဘာသာပြန် – စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၈၈ ဦး ရှိလာ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၃၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက် ပိုင်း ပက်ရှ်ဝါမြို့ရှိ ဘာသာရေးအဆောက် အအုံတစ်ခု၌ ဇန်နဝါရီ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ခုကြောင့် သေဆုံးသူ ၈၈ ဦးရှိလာခဲ့ ကြောင်း ပက်ရှ်ဝါမြို့ ဒုတိယအရေးပိုင် ရှာဖီအူလာခန်က ဇန်နဝါရီ ၃၁ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။




အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် ဘာသာရေးအဆောက်အအုံ အနည်းငယ် ပျက်စီးခဲ့ကာ ဒဏ်ရာရရှိသူ အများအပြား သည် ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးသူ အရေအတွက် ထပ်မံတိုးလာခဲ့ခြင်းဖြစ် ကြောင်း ပက်ရှ်ဝါမြို့ ဒုတိယအရေးပိုင် ရှာဖီအူလာခန်က ပြောကြားသည်။

အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၅၀ ဒဏ်ရာရခဲ့ပြီး အဆိုပါ ဒဏ်ရာရရှိသူများအနက် ၆၇ ဦးသည် ဆေးရုံအသီးသီးတွင် ဆေးဝါးကုသမှု ခံယူနေဆဲဖြစ်ကြောင်းနှင့် ကျန်သူများမှာ ဆေးဝါးကုသမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဒဏ်ရာရရှိသူများအနက် မှ ၁၀ ဦးခန့်သည် ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးသူအရေအတွက် ထပ်မံတိုးလာ နိုင်ဖွယ်ရှိကြောင်းနှင့် အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားစဉ် ယင်းဘာသာရေး အဆောက်အအုံ၌ လူပေါင်း ၃၀၀ ခန့် ဝတ်ပြုနေခဲ့ကြောင်း ခိုင်ဘာပက်တွန်ခွာ ပြည်နယ် အနောက်မြောက်ပိုင်း ပက်ရှ်ဝါ မြို့မှ ရဲတပ်ဖွဲ့အကြီးအကဲ မိုဟာမက် အီဂျက်ခန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်များ တိုက်ဖျက်ရေးအတွက် ပြင်ဆင်ဆောင်ရွက်

**ဟနွိုင်း ဇန်နဝါရီ ၃၁**

ဗီယက်နမ်နိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်များ တိုက်ဖျက်ရေးအတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်သွား



မည်ဖြစ်ကြောင်း ဒေသခံမီဒီယာများက ဇန်နဝါရီ ၃၁ ရက်တွင် ဖော်ပြ ထားသည်။

ယခုလက်ရှိ နိုင်ငံအတွင်း ကူးစက်မှုများတွေ့ရှိနေရသည့် XBB ဗီဇပြောင်းဗိုင်းရပ်စ်သည် လူ့ခန္ဓာကိုယ်၏ ရောဂါခုခံနိုင်စွမ်းကို အန်တု နိုင်ပြီး လက်ရှိအချိန်တွင် နိုင်ငံပေါင်း ၇၀ ၌ ကူးစက်မှုများတွေ့ရှိနေရ ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းစာက ပြောကြားသည်။ နိုင်ငံအတွင်းရှိ ဆေးရုံ များအား ကိုဗစ်–၁၉ ရောဂါများကုသနိုင်ရေးအတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ထားရေးနှင့် ကိုဗစ်–၁၉ ရောဂါစောင့်ကြည့် ကုသမှုပြုလုပ်နိုင်ရေးအတွက် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းအင်အား ဖြည့်တင်းပြီး ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ လျော့နည်းလာစေရေး အတွက် ကြိုးကြပ်ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြား ထားသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထားရှိရေးအတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည်။ ဗီယက်နမ်နိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၁ ဒသမ ၅ သန်းကျော်ရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူ ၄၃၂၀၀ ရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၆၆ ဒသမ ၁ သန်းနီးပါးကို နိုင်ငံသား များအား ထိုးနှံပေးခဲ့ပြီး အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးစီးသူ ၂၂၃ ဒသမ ၇ သန်းကျော်ရှိသည်။ ဗီယက်နမ်နိုင်ငံ၌ လက်ရှိအချိန်တွင် အိုမီခရွန် မျိုးစိတ်သစ်များဖြစ်သည့် BA.4, BA.5, BA.2.12.1, BA.2.74 ကူးစက်မှုများနှင့် မျိုးစိတ်သစ် XBB ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကို တွေ့ရှိနေရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ဆားလင်းကြီးမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးဟောင်း အဆောက်အအုံကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၃၁

CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သော ဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာရုံးများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် ည ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ ရောက်ရှိလာပြီး အဆိုပါရုံးဝင်းအတွင်းရှိ အဆောက်အအုံတစ်လုံးကို မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် မီးလောင်မှုကြောင့် အလျား ပေ ၆၀၊ အနံ ပေ ၄၀၊ အမြင့် ပေ ၂၀ သွပ်မိုး/ဝါးကပ်ကာ အဆောက်အအုံတစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နေ စိုးရတနာဦးသည် ၎င်းအသုံးပြုသည့် “Soe Yadanar Oo” Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဖွမြို့ လူထုအခြေပြုဇဟိုဌာနခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပ

ဖွ ဇန်နဝါရီ ၃၁

ရခိုင်ပြည်နယ် ဖွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီး၍ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့မွန်းတည့် ၁၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်ဝင်းက လူငယ်နှင့် အားကစား အကြောင်းအရာကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခိုင်မိုးမင်းဦးဆောင်၍ “လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ အမှတ်(၁) အလက(ခွဲ) ကင်းရုံးကျောင်း Grade-7 မှ မောင်ရဲမင်းအောင်က “လူငယ်တွေ စာဖတ်ဖို့”၊ မောင်စွမ်းရည်ထက်က “စာဖတ်ခြင်းဖြင့် ဘဝတိုးတက်ရေး”၊ မသင်းသုသုဟန်က “လူငယ်နှင့် စာဖတ်ဖို့ဝါသနာ”၊ မငြိမ်းအိအိဖြူက “လူငယ်နှင့်အမြင်” ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ထိုသို့လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် မြို့နယ်အား/ကာဦးစီးဌာနမှ ဒုဦးစီးမှူးတို့က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း၊ အခမ်းအနားတက်ရောက်လာသည့် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသည့် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အသုတ်မြို့တွင် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်



ရေကြည် ဇန်နဝါရီ ၃၁

ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှု လျှော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေးအတွက် ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် အသုတ်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မှူး ဦးဝင်းကြိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုး ဆိုဒ်အသေးများကို ကြိုးဆိုဒ်အကြီးများဖြင့် လဲလှယ်ခြင်း၊ ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် မီတာကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှု စစ်ဆေးခြင်းလုပ်ငန်းများကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိ

လှည်းကူး ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျှော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်နိုင်ရေးအတွက် လှည်းကူးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဆောင်၍ ဝန်ထမ်းများက ယနေ့ နံနက် ၉ နာရီက ပြည်တော်သာရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းအောင်နှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာများအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေးနှင့် အသုံးပြုလျက်ရှိသော မီတာများ၊ ရပ်၊ ပျက်၊ နှေး ဖြစ်ပေါ်မှု ရှိ၊ မရှိကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါစစ်ဆေးခြင်းများကို လစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာထံမှ သိရသည်။ **မြင့်ဦး**

## မန္တလေးမြို့ အထက(၁၆)တွင် သတင်းမီဒီယာနှင့် စာပေရေးရာဆိုင်ရာများ ဟောပြောပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၃၁

သတင်းအတု သတင်းအမှားများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်မှုများ၊ ကျောင်းသား ကျောင်းသူများကြားတွင် စိုးရိမ်ကြောင့်ကြမှုများဖြစ်ပေါ်ခြင်းမရှိစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာ အသင်းတို့ပူးပေါင်းပြီး သတင်းမီဒီယာနှင့် စာပေရေးရာဆိုင်ရာများဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက်က မန္တလေးမြို့ အထက (၁၆)ကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေး ဆရာအသင်းတို့၏ဥက္ကဋ္ဌဖြစ်သူ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံချစ်စိတ် မျိုးချစ်စိတ် မြင့်မားခိုင်မာလာစေရေးနှင့် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသုံးသပ်တတ်စေရေး ရည်ရွယ်ကာ စိတ်ဓာတ်ခွန်အားရှိလာစေမည့် စာပေရေးရာများဟောပြောခြင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က လူငယ်နှင့်အချိန်ခေါင်းစဉ်ဖြင့် ကျောင်း သား ကျောင်းသူများအတွက် အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်စေရေး ဟောပြောခြင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းအမှားများကို နည်းပညာအချက်အလက်များ အသုံးပြုကာရှာဖွေစိစစ်နိုင်စေရေးနှင့် ကျောင်းသား ကျောင်းသူများအကျိုးရှိစေမည့် သတင်းအမှန်များရရှိနိုင်မည့် နေရာများအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောမှုများအပြီးတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အထက (၁၆)ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးထံသို့ သတင်းမီဒီယာဆိုင်ရာ စာအုပ်များနှင့် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးဌေးအောင်နှင့် အထက (၁၆)မှ ဆရာ ဆရာမများ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀၀ ဝန်းကျင် တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## စစ်တွေမြို့၌ လူငယ်စကားဝိုင်းကျင်းပ

စစ်တွေ ဇန်နဝါရီ ၃၁

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(စစ်တွေ)တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(စစ်တွေ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဝင်းက ဦးဆောင်ဆွေးနွေးပြီး သူနာပြုနှင့် သားဖွားသင်တန်း ကျောင်း(စစ်တွေ)မှ ကျောင်းသား ကျောင်းသူများက စကားဝိုင်းဆွေးနွေးကြသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(စစ်တွေ)မှ တတိယနှစ်ကျောင်းသူ မယွန်းဝတီက လူငယ်နှင့်ကိုယ်ကျင့်တရား၊ မမြတ်ငြိမ်းငြိမ်းမွန်က လူငယ်နှင့်ကျန်းမာရေး၊ မောင်စိုးလင်းအောင်က လူငယ်နှင့် ပညာရေး၊ မောင်အောင်ကျော်ကျော်က တန်ဖိုးရှိပြီး အောင်မြင်ပျော်ရွှင်သော လူငယ်တစ်ယောက်ဖြစ်ဖို့၊ ဒုတိယနှစ်ကျောင်းသူ မနှင်းပွင့်လွှာက လူငယ်များအပေါ် ခြိမ်းခြောက်လာသော မူးယစ်အန္တရာယ်၊ မောင်နေမင်းအောင်က လူငယ်နှင့် လူငယ်ကျန်းမာရေးတွင် အားကစားအခန်းကဏ္ဍ အရေးပါပုံခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့မွန်းလွဲ ၃ နာရီက အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက် မီးသတ်ဦးစီးမှူး ဦးအောင်ခိုင်က မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးအတန်းစားများအား ရှင်းလင်းခြင်း၊ မီးငြိမ်းသတ်နည်း လေးနည်းအား ရှင်းလင်းခြင်း၊ ဂက်(စ်)အိုး မီးငြိမ်းသတ်နည်းအား ရှင်းလင်းခြင်း စသည့်မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့် ဗဟုသုတများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ လက်ထောက် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခဲ့ကြောင်းသိရသည်။

**ဉာဏ်ဟိန်း**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၀၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၇၀ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၅၀ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၇၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၆၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၄၂၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၀ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၅၇၅ | ၂၅၇၀ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၀ | ၂၇၄၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၄၂၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၀ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၅၇၅ | ၂၅၇၀ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၀ | ၂၇၄၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၁ | ၂၁၃၆ |
| 95 Ron | ၂၁၂၈ | ၂၂၀၅ |
| HSD (500 ppm) | ၂၂၃၁ | ၂၃၀၆ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၈၁ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အလှမ်းကျယ်ရင် အလယ်လပ်တတ်တယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

**(၁၈-၁-၂၀၂၃ ရက်နေ့မှအဆက်)**

“အင်း. . အဲဒီဥပမာတွေကိုသဘောပေါက်လက်ခံရင် ကိုယ်ကိုယ်တိုင် ဝိပဿနာအလုပ်အားထုတ်တာနဲ့ ပြန်ပြီးဆင်ခြင်နှလုံးသွင်းကြည့်ပေါ့”

“မှန်လှပါ၊ အမိန့်ရှိပါဘုရား”

“ရေမိုးချိုးပြီး ခန္ဓာကိုယ်ကောင်းကြီးကိုကြေးသွေ့ကင်းပြီး စင်ကြယ်အောင် လုပ်တယ်ဆိုတာ သီလရှိတာပါ၊ သီလနဲ့ပြည့်စုံတာပါ”

“ကိုယ့်သီလကို ကိုယ်ပြန်ပြီးကြည့်ပါ၊ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲပြီလား၊ ငါးပါးသီလရောစင်ကြယ်ရဲ့လား စဉ်းစားပါ၊ ဒီကမှ တစ်ဆင့်တက်ရင်ရှစ်ပါးသီလကို ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ်စောင့်ထိန်းနိုင်ပြီလား၊ စင်ကြယ်ကြစေချင်ပါတယ်”

“ဟုတ်ပါတယ်ဘုရား၊ အရှင်ဘုရားပြောမှပဲကိုယ့်သီလကို ကိုယ်ကပြန်ပြီး ဆင်ခြင်မိတယ်ဘုရား၊ သိပ်ပြီးတော့ အားမရသေးပါဘူး၊ တပည့်တော်တို့ကအရောင်းအဝယ်သမားတွေဆိုတော့ ‘မုသားမပါလင်္ကာမချော’ဆိုတဲ့အစွဲကြီးက သီလမစင်ကြယ်အောင်ဖြစ်နေပါတယ်ဘုရား”

“ကဲ. . အဲဒါကြည့်ပေါ့ ဒီအဖွဲ့တွေက ဝိပဿနာကို သေချာအားထုတ်နေကြတဲ့သူတွေလို့ ကင်ပွန်းတပ်စရာကောင်းပေမယ့် တကယ်တမ်းကျတော့ဘယ်မှာရေချိုးလို့ ပြီးသေးလို့လဲ၊ ပြောစမ်းပါဦး၊ မစင်ကြယ်ကြသေးပါဘူး”

“ဟုတ်ပါတယ်ဘုရား၊ သီလစင်ကြယ်အောင်နေပါ့မယ်၊ ဒါကြောင့်လည်း တပည့်တော်တို့ကအရှင်ဘုရားရဲ့တရားစခန်းပွဲမှာ တရားဝင်ဖြစ်အောင်ဝင်မယ်လို့ စိတ်ဆုံးဖြတ်ထားကြပါတယ်ဘုရား”

“အမယ်လေးလေး၊ ဦးပဥ္စင်းတို့က တရားစခန်းဝင်တဲ့သူကို၊ ရိပ်သာဝင်တဲ့သူကို မချီးမွမ်းလည်းမချီးမွမ်းပါဘူး၊ မကဲ့ရဲ့လည်း မကဲ့ရဲ့ပါဘူး၊ ဒါပေမဲ့အကြောင်းသင့်တုန်းပြောရဦးမယ်”

“မိန့်ပါဘုရား”

“အေး.. ပြောပါမယ်၊ တရားစခန်းတွေ၊ ရိပ်သာတွေကို အပြစ်မပြောပါဘူး၊ များသောအားဖြင့်ရှစ်ပါးသီလနဲ့ ယောဂီတွေကို အားထုတ်စေကြတာများပါတယ်၊ ဒါပေမဲ့ တရားစခန်းဝင်ကြတဲ့ ယောဂီတွေဟာ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနဲ့ မိတ်ကပ်လိမ်းကြတယ်တဲ့၊ နေ့စဉ်နေ့တိုင်းပြောင်းလဲနေတဲ့ အရုဏ်တက်ချိန်ကို ဂရုမစိုက်ဘဲ ည ၁၂ နာရီကျော်လို့လည်း စားကြတယ်၊ နံနက်လေးနာရီကျော်လို့လည်း မုန့်ပဲသရေစာတွေကို စားကြတယ်တဲ့”

“တချို့ရှိတယ်နဲ့တူပါတယ်ဘုရား”

“တချို့မဟုတ်တော့ဘူး၊ အများကြီးပါ၊ ဦးပဥ္စင်းတပည့်လေးတစ်ယောက်က အရုဏ်တက်ချိန်ကို သေချာသိတော့ ရိပ်သာကြီးတစ်ခုမှာ တရားဝင်ရင်း ယောဂီအချင်းချင်း သတိပေးမိတယ်တဲ့၊ သီလကို တန်ဖိုးထားလို့ပေါ့”

“အဲဒီတော့ ပြန်ပြောတယ်တဲ့၊ ဆရာကြီးလာမလုပ်နဲ့၊ ဒီရိပ်သာမှာက ရိုးနေပြီတဲ့၊ အားလုံးခွင့်ပြုထားတယ်တဲ့”

“သြော်.. ဒီလိုမျိုးရှိသလားဘုရား”

“သြော်.. ခက်ပါပြီ၊ ဆရာတော်ကြီးတွေကရိပ်သာတာဝန်ရှိသူတွေကတော့ သီလနဲ့ပတ်သက်ပြီး ဘယ်မှာညှိုးပေါက် ပြောက်ကျားအောင် ခွင့်ပြုလိမ့်မလဲ၊ ယောဂီက သူလုပ်ချင်တာလုပ်ပြီးငါ့စကားနွားရပြောလိုက်တာ ဖြစ်မှာပေါ့”

“အဲဒီလို သီလရေမချိုးတဲ့ ယောဂီမျိုးဟာ စိန်ဆံထိုးနဲ့ကတော့ ဝေလာဝေးလို့သာ မှတ်လိုက်ပါတော့၊ ဒါတောင် ဝိကာလဘောဇနသိက္ခာပုဒ်တစ်ခုတည်းကို ပြောတာပါ၊ ကျန်တဲ့သိက္ခာပုဒ်တွေဆိုရင်တော့ ပြောလို့လည်း ပြီးတော့မှာမဟုတ်ပါဘူး”

“တော်တော်ကိုပဲ သတိထားရမှာပါဘုရား”

“ကဲ. . နောက်တစ်ခုက အဝတ်တန်ဆာဆင်ရမယ်လို့ ပြောခဲ့ပါတယ်၊ ပွဲလမ်းသဘင်နဲ့တင့်တယ်တဲ့၊ လိုက်လျောတဲ့ အဝတ်လည်းဖြစ်ရမယ်၊ ဝတ်ပုံဆင်ပုံ အချိုးကျအောင် ဝတ်တတ်ဖို့လည်း နားလည်ရမယ်၊ အဝတ်အထည်လည်း ရှိဖို့အရေးကြီးတယ်၊ ဝတ်တတ်၊ ဆင်တတ်ဖို့လည်း အရေးကြီးပါတယ်။ မဝတ်တတ်ရင်လည်း သူများကဲ့ရဲ့စရာကြီးဖြစ်မှာပေါ့”

“မှန်လှပါဘုရား၊ မဝတ်တတ်ရင်တော့လည်းဘယ်လိုမျှ မတင့်တယ်၊ ပွဲမတိုးဘူးပေါ့ဘုရား၊ အဲဒီအဝတ်အထည်ဆိုတာတွေက ဘာတွေပါလဲဘုရား”

“ဝိပဿနာအလုပ် အားထုတ်တဲ့နေရာမှာ အဝတ်အထည်ဆိုတာ ဝိပဿနာဗဟုသုတကိုခေါ်တာပေါ့၊ အတူတူပါပဲ၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစတဲ့ ကုသိုလ်အလုပ်တွေနည်းမှန်သိဖို့ဗဟုသုတ၊ ဗုဒ္ဓဘုရားရှင်အလိုကျသိဖို့ လိုအပ်တဲ့ဗဟုသုတတွေပေါ့”

“သြော်.. ဟုတ်ပြီဘုရား၊ ဒီဗဟုသုတတွေမရှိဘဲတရားအားထုတ်နေကြရင် အဝတ်အထည်မပါဘဲပွဲလမ်းသဘင်ထဲဝင်သလို ဖြစ်မှာပေါ့ဘုရား”

“ဟုတ်တာပေါ့”

“အရှင်ဘုရား၊ တချို့က ပြောကြပါတယ်၊ ဘာစာပေမျှ မတတ်လည်း ရဟန္တာဖြစ်တာတွေရှိပါတယ်တဲ့၊ အဲဒီလိုဆိုတော့ အရှင်ဘုရားပြောတဲ့ဗဟုသုတမရှိဘဲ နိဗ္ဗာန်ရောက်တာပဲ မဟုတ်လားဘုရား”

“အင်း.. ကောင်းတယ်ကောင်းတယ်၊ အဲဒီအမေးကိုမေးတာ ကောင်းတယ်၊ ဖြေပြပါမယ်”

“စာပေပရိယတ္တိတတ်တာ၊ မတတ်တာနဲ့တရားဗဟုသုတ ရှိတာ၊ မရှိတာနဲ့က ရောပြီးပြောလို့မရပါဘူး။ အခု ဘာစာပေမျှ မတတ်လည်းရဟန္တာဖြစ်တာတွေ ရှိပါတယ်ဆိုတာ အခုခေတ်ပေါ်ရဟန္တာတွေလား၊ ဘုရားရှင်လက်ထက်က ရဟန္တာတွေလား ပြောပါဦး”



“အဲဒါတွေတော့ မသိပါဘုရား”

“အခုခေတ်ပေါ် ရဟန္တာတွေကိုတော့ ဘာမျှမပြောလိုပါဘူး၊ အဲ. . ဘုရားရှင်လက်ထက်တော်ကရဟန္တာတွေအကြောင်းပြောရရင် စာတတ်ပေတတ်အကျော်အမော်တွေလည်း ရဟန္တာဖြစ်တာ ရှိကြပါတယ်၊ စာပေမတတ်ပေမယ့် ရဟန္တာဖြစ်တာတွေလည်းရှိကြပါတယ်”

(ဆက်လက်ဖော်ပြပါမည်)

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ပါရမီဆယ်ပါးမင်္ဂလာ

*သုတေသီ ဦးသိမ်းဇံ*

### ပညာပါရမီ

**သတိရှိမှချမ်းသာရ**

“အလို- ယမနေပင်ကြီး ဘယ်လိုလဲဗျ။ ခါတိုင်းရက်တွေမှာတော့ သင့်ရဲ့အသီးက အပင်အောက်ကိုတည့်တည့်မတ်မတ်ကြွေကျပါတယ်။ ဒီနေ့မှာတော့သစ်သီးကြွေပုံက ထူးခြားနေပါလား၊ သစ်ပင်သဘာဝနဲ့ ဆန့်ကျင်နေပါလားဗျ။ သစ်ပင်အောက်ကြွေကျရမယ့်သစ်သီးက အဝေးကလာနေတဲ့ကျုပ်ရှေ့ကို လိမ့်လိမ့်လာနေတာဆိုတော့ ယမနေပင်ကြီးက ကျုပ်အပေါ်စေတနာတွေ ထက်သန်နေသလားပေါ့။ ဒါပေမဲ့ အသီးရဲ့သဘောက လေမတိုက်ဘဲ ဝေ့ဝိုက်ကြွေကျတဲ့ထုံးစံ မရှိနိုင်ဘူးဆိုတာသိထားတော့ မရိုးလောက်ဘူးပေါ့။ ဒါကြောင့်သင်ဟာ သဘာဝကိုစွန့်တဲ့အတွက် ကျုပ်လည်းဆတ်ရဲ့သဘာဝကို စွန့်လွှတ်ရတော့မယ်”

ဆတ်မင်းသည် ပြောပြောဆိုဆိုဖြင့် ယမနေပင်အောက်သို့ မဝင်တော့ဘဲ နောက်ကြောင်းကိုပြန်လှည့်ကာ ပြေးလေတော့သည်။

ရှေးလွန်ခဲ့သောကာလများစွာက ဘုရားအလောင်းတော်သည် ဆတ်မင်းအဖြစ် ပါရမီဖြည့်ကျင့်စဉ်ကာလကဖြစ်ပေသည်။ ဆတ်မင်းသည်တောတောင်တစ်ခွင် လှည့်လည်သွားလာသည့်အချိန်တိုင်းတွင် သတိလက်လွတ်မနေ။ နေမှု၊ သွားမှု၊ လာမှု၊ စားမှု၊ အိပ်မှုစသည်တို့တွင် သတိများစွာထားရှိရန် မိမိကိုယ်ကို အမြဲနှလုံးသွင်းထားရှိသည်။

ဆတ်မင်းသည် တောတောင်အတွင်း၌ အသားစားသတ္တဝါများ၏ရန်ကို ရှောင်ရှားရသည့်အပြင် သားကောင်ရှာသည့် မုဆိုးတို့၏မာယာကျော့ကွင်းကို ပိုမိုဂရုစိုက်ရှောင်ရှားရန် အထူးသတိထားနေထိုင်သွားလာ ရှင်သန်နေရလေသည်။

“သြော်- ယမနေသီးတွေ မှည့်ဝင်းနေပါကလား၊ ကောင်းလေစွ ကောင်းလေစွ”

ဆတ်မင်းသည် လှည့်လည်သွားလာရင်း ယမနေပင်ကြီးကို လှမ်းမြင်နေရသဖြင့် ကြည်နူးကျေနပ်စွာ အပင်အောက်သို့ရောက်ရှိရန် စိတ်စောနေမိသည်။

“အလို... စိတ်စောလို့ မဖြစ်ချေဘူး။ လောဘတဏှာစိတ်လွှန်ကဲရင် သတိမေ့ဖို့များတယ်။ သတိမေ့ရင် တစ်ခဏအတွင်း ရန်သူ့လက်တွင်းကျရောက်နိုင်တာပဲ။ ဆင်ခြင်မှပါ။ အမြဲသတိရှိနေမှပါပဲ”

ဆတ်မင်းသည် ရုတ်တရက်သတိပြန်လည်ဆယ်ယူရင်း ယမနေပင်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ မြေပြင်ဝန်းကျင်၊ ဝေဟင်ဝန်းကျင်နှင့် အပင်မြင့်ရှိအကိုင်းအခက်အလက်၊ အရွက်များကို စူးစမ်းကြည့်ရှုပြီး စိတ်ချရသည့်အခြေအနေဖြစ်မှသာ အပင်အောက်သို့ ဖြည်းညင်းစွာဝင်ရောက်လိုက်သည်။

“ဟော အဆင်သင့်ချင်တော့ အနားမှာစမ်းချောင်းလေးလည်း ရှိနေပါလား၊ အဆင်ပြေလှပါပေ့”

ဆတ်မင်းက လှမ်းမြင်လိုက်သည့်စမ်းချောင်းလေးဆီသို့ မျှော်ငေးကြည့်ကာ တီးတိုးရေရွတ်လိုက်ပြီး ကြွေကျနေသည့် ယမနေသီးများကို စားလိုက်၊ စမ်းချောင်းကရေကိုသောက်လိုက်၊ ယမနေအပင်ရိပ်တွင် အိပ်စက်အနားယူလိုက်၊ ပူလောင်အိုက်စပ်လာသည့်အခါ စမ်းချောင်းလေးသို့သွားကာ ရေချိုးလိုက်ရေစိမ်လိုက်ဖြင့် ယမနေသီးမတုံးမချင်း ဆတ်မင်းအတွက် အထူးကြောင့်ကြစရာမလိုအောင် အဆင်ပြေပြေ ဖြစ်နေတော့သည်။ တစ်နေ့သော် ဆတ်မင်းသည် အတော်နေမြင့်မှ အိပ်ရာကထကာ ယမနေပင်ရှိရာသို့ တရွေ့ရွေ့လျှောက်လာခဲ့သည်။

“အလို- ယမနေကိုင်းတချို့၊ လေမတိုက်ဘဲလှုပ်နေပါလား”

ဆတ်မင်းသည် အစဉ်သတိဖြင့်သွားလာနေသဖြင့် ထူးခြားမှုကို သတိထားလိုက်မိပြီး မိမိတွင် ရန်သူရှိနေပြီဟုလည်း ချက်ချင်းသိလိုက်သည်။ အနံ့ခံကြည့်သော်လည်း အနည်းငယ်ဝေးနေသေးသဖြင့် အနံ့ခံလို့မရသေးပေ။ ရှေ့သို့အနည်းငယ်တိုးကြည့်လိုက်ရာ ယမနေသီးအချို့က မိမိနှင့်မလှမ်းမကမ်းဆီသို့ အလိုအလျောက် ရောက်လာနေသည်။

“ယမနေပင်ကြီး စောင့်နေရတာကြာပြီလားဗျ၊ ဒီနေ့တော့ ကိုယ့်ဓလေ့ကို ဘာကြောင့်စွန့်ရတာလဲ၊ ဆိုစမ်းပါဦးဗျ ယမနေပင်ကြီးရဲ့၊ ကျုပ်ရောက်လာတာနောက်ကျလို့ စိတ်ဆိုးနေလို့လား၊ ခွင့်လွှတ်ပေးပါဗျာ”

ဆတ်မင်းသည် အပင်ပေါ်မှ မုဆိုးကိုမမြင်ဟန်ဆောင်ကာ အသံပြုလိုက်ခြင်းဖြစ်သည်။ လှံကိုကိုင်စွဲလျက် အပင်ထက်တွင် အကွက်ချောင်းနေသည့် မုဆိုးကို လှမ်းမြင်လိုက်ရသဖြင့် ဆတ်မင်းကတမင် အသံဟစ်လိုက်ခြင်းလည်းဖြစ်သည်။ ဆတ်မင်းက အသံပြုသော်လည်း မုဆိုးကငြိမ်လျက်အသင့်စောင့်နေသည်။

“အလို- ယမနေပင်ကြီး၊ ဘယ်လိုလဲဗျ။ ခါတိုင်းရက်တွေမှာတော့ သင့်ရဲ့အသီးက အပင်အောက်ကိုတည့်တည့်မတ်မတ် ကြွေကျပါတယ်။ ဒီနေ့မှာတော့ သစ်သီးကြွေပုံက ထူးခြားနေပါလား၊ သစ်ပင်သဘာဝနဲ့ ဆန့်ကျင်နေပါလားဗျ။ သစ်ပင်အောက်ကြွေကျရမယ့်သစ်သီးက အဝေးကလာနေတဲ့ကျုပ်ရှေ့ကို လိမ့်လိမ့်လာနေတာဆိုတော့ ယမနေပင်ကြီးက ကျုပ်အပေါ်စေတနာတွေ ထက်သန်နေသလားပေါ့။ ဒါပေမဲ့ အသီးရဲ့သဘောက လေမတိုက်ဘဲ ဝေ့ဝိုက်ကြွေကျတဲ့ထုံးစံ မရှိနိုင်ဘူးဆိုတာသိထားတော့ မရိုးလောက်ဘူးပေါ့။ ဒါကြောင့်သင်ဟာ သဘာဝကိုစွန့်တဲ့အတွက် ကျုပ်လည်းဆတ်ရဲ့သဘာဝကို စွန့်လွှတ်ရတော့မယ်”

ဆတ်မင်းသည် ပြောပြောဆိုဆိုဖြင့် ယမနေပင်အောက်သို့မဝင်တော့ဘဲ နောက်ကြောင်းကိုပြန်လှည့်ကာ ပြေးလေတော့သည်။ မုဆိုးကလှည့်ပြေးသည့်ဆတ်မင်းဆီသို့ လှံကိုပစ်လွှတ်လိုက်ရာ သတိရှိသောဆတ်မင်းက တိမ်းရှောင်လိုက်နိုင်သည်။

“မိုက်ရိုင်းယုတ်မာတဲ့ အကြံရှိတဲ့လူမုဆိုး၊ သင်ဟာ ငါ့ကိုသတ်ဖို့အကြံနဲ့ အားထုတ်ပေမယ့်ငါက ဆင်ခြင်တုံတရားနဲ့ စူးစမ်းမှုအသိ၊ ပညာသတိအမြဲရှိလို့ ချမ်းသာရာရတာဖြစ်တယ်။ ဒါပေမဲ့သင်ဟာ ငါ့ကို သတ်ဖို့အကြံလွဲချော်ပေမယ့် ငရဲကြီးရှစ်ထပ်နဲ့တော့ လွဲမှာမဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပေတော့”

ဆတ်မင်းသည် မုဆိုးအားဟစ်ကြွေးဆုံးမပြီး အဝေးသို့ပြေးထွက်သွားလေတော့သည်။ ထို့ကြောင့်ပညာရှိဆတ်မင်းသည် ပညာသတိအမြဲရှိသည့်အတွက် ရန်သူ၏သတ်ဖြတ်မှုဘေးမှ လွတ်ကင်းကာချမ်းသာမှုကို ရရှိခဲ့ခြင်းပင်ဖြစ်ပေတော့သည်။ ။

■

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၂၃)

ဦးမင်းဟန်(ဘီအေ)

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်သို့ ဦးတည်လာနေကြသည်။

ကုက္ကိုပင်ကြီးအောက်တွင် ဘိုးလေးကြွက်က ခပ်ဖြည်းဖြည်း လမ်းလျှောက်နေရာ မောင်ထူးတို့သုံးဦး ခြေလှမ်းတုံ့သွားကြသည်။

"လာလာ မြေးတို့၊ လာလာ ထိုင်ကြ"

အသင့်ရှိနေသည့် စားပွဲဝိုင်းပုလေးတွင်ထိုင်ကြရန် ဘိုးလေးကြွက်က ပြောလည်းပြော သူကိုယ်တိုင်လည်း ဝင်ထိုင်လိုက်သည်။ ထိုအခါမှ မောင်ထူးတို့သုံးဦးလည်း အသာအယာဝင်ထိုင်ကြတော့သည်။

"မြေးတို့အတွက် ဘိုးလေးအိမ်က ပြင်ဆင်ပေးလိုက်တာ၊ မုန့်ဆီကြော်နဲ့ ငါးခြောက်ကြော်တွေ စားကြပါဦး"

ဘိုးလေးကြွက်က မုန့်ဆီကြော်ပန်းကန်ကို ဖွင့်လိုက်ရင်း ပြောလိုက်ရာ မုန့်နံ့သင်းသင်းလေးက မောင်ထူးတို့သုံးဦးကို သဘောတွေ့စေသည်။

"ဟုတ်ကဲ့ ဘိုးလေး"

"ဟဲ့ ဟဲ့– နေဦးလေ၊ စားဆိုတာနဲ့ တန်းနှိုက်တော့မလို့လား။ ဘိုးလေးအရင်စားပါစေဦး မောင်ထူးရာ"

မောင်ထူးက ဘိုးလေးကြွက်၏စကားအဆုံးမှာ မုန့်ဆီကြော်ပန်းကန်ဆီသို့ လက်ပြင်လိုက်ရာ ပူစူးမက ဟန့်လိုက်ခြင်းဖြစ်သည်။

"ရပါတယ်ကွယ်။ ဘိုးလေးက စားပြီးပါပြီ။ စားကြ စားကြ။ ဒါနဲ့ မုန့်ဆီကြော်မစားခင် လက်ကို အရင်ဦးဆုံး ရေနဲ့ဆေးကြောလိုက်ဦးနော်။ အဲဒါမှမုန့်ဆီကြော်ကို ကိုင်တွယ်ရတာ ပိုအဆင်ပြေမယ်။ ပြီးတော့ ကျန်းမာရေးနဲ့လည်း ညီညွတ်တာပေါ့"

"ဟုတ်ကဲ့ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

"ခုလိုလေး အမှတ်မထင် ဗဟုသုတရရှိစေတာကို မှတ်သားထားရမယ်။ စာသင်ခန်းယဉ်ကျေးမှုဆိုတာကို ပြောရရင် ကျောင်းက စာသင်ခန်းထဲမှာရယ်မှမဟုတ်ဘူး။ စာပေပညာ၊ လောကီပညာ စတဲ့ အတတ်ပညာတစ်ခုခုကို သင်ယူမှတ်သားလေ့ကျင့်တဲ့နေရာကို စာသင်ခန်းလို့ခေါ်ဆိုလို့ရပါတယ်။ ဒီနေရာကိုပဲကြည့်လေ ကုက္ကိုပင်ကြီးအောက်မှာ စားပွဲဝိုင်းချပြီး မြေးတို့ကို လောကီ၊ လောကုတ္တရာ အကြောင်းတွေ သင်ကြားပို့ချပေးတဲ့နေရာ မဟုတ်လား။ ဒါကြောင့် ဒီနေရာကိုလည်း သင်ကြားသင်ယူတဲ့နေရာဖြစ်လို့ စာသင်တဲ့နေရာ၊ စာသင်ခန်းရယ်လို့ ခေါ်ဆိုမှတ်ယူလို့ရတာပေါ့"

"ဟုတ်ကဲ့ ဘိုးလေး"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား အသင့်ပါလာသည့် မှတ်စုစာအုပ်အသီးသီးတွင် လိုက်လံရေးမှတ်နေကြလေသည်။ ဘိုးလေးကြွက်က ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်ကို တစ်ကြိုက်တည်းမော့သောက်လိုက်သည်။ ပြီးမှဖြည်းဖြည်းချင်းစကားဆက်သည်။

"မြေးတို့ကို စာသင်ခန်းယဉ်ကျေးမှုတွေအကြောင်း ပြောလာတာ အတော်လေးတော့များနေပါပြီ။ ဒါပေမဲ့ ပြောရင်းဆိုရင်း တွေ့တာမြင်တာလေးတွေက ရှိနေပြန်တော့လည်း ထပ်ကာထပ်ကာပြောနေရတာပေါ့။ မြေးတို့အတွက်တော့ မှတ်သားစရာတွေက ပိုပိုပြီးတော့ တိုးလာမှာပဲ။ ခုလည်းပြောရဦးမယ်"

"ဟုတ်ကဲ့ပြောပါဘိုးလေး။ ဘိုးလေးပြောတာတွေက မြေးတို့အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ မှတ်သားစရာတွေပါပဲ"

"ကြားရတာနဲ့တင် ဘိုးလေးအားရှိလိုက်တာ။ မြေးတို့က လိမ္မာကြပါပေတယ်။ အဲဒီလိုမှတ်သားမယ်။ မှတ်သားထားတာတွေကို ပြန်ဖတ်မယ်။ အချင်းချင်းအခါသင့်တဲ့အခါ အပြန်အလှန်ဆွေးနွေးကြတယ်ဆိုရင် မမေ့နိုင်တော့ဘူးပေါ့။ ပိုလည်းမှတ်မိနေနိုင်တယ်ကွယ့်။ ကျောင်း စာသင်ခန်းထဲမှာလည်း အလျဉ်းသင့်ရင် သင့်သလို ပြောဆိုချပြလို့ရတာပေါ့။ လူမှုဝန်းကျင်မှာလည်း ကြုံရင်ကြုံသလို ပြန်ပြောလို့ရတယ်လေ။ နောက်ပြီးပြောချင်တာက မိတ်ဆွေသူငယ်ချင်းအချင်းချင်း မနှစ်သက်ဖွယ်စကား၊ အကျိုးမရှိတဲ့စကားမျိုးတွေကို မပြောမိစေနဲ့၊ မပြောမိအောင်လည်း ဆင်ခြင်ကြရမယ်၊ အကျင့်ပါတတ်လို့ပဲကွယ့်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပါ့မယ်"

မောင်ထူးတို့သုံးဦးမှာ ပြောပြောဆိုဆိုဖြင့် မှတ်စုစာအုပ်များတွင် ရေးမှတ်နေကြလေသည်။ ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ် ညိတ်ရင်းကြည့်နေရာမှ ဖြည်းဖြည်းချင်းစကားဆက်သည်။

"ဆရာ ဆရာမတွေနဲ့ စကားပြောတဲ့အခါမှာလည်း မနှစ်သက်ဖွယ်စကား၊ အကျိုးမရှိတဲ့ စကားမျိုးတွေကို မပြောမိစေနဲ့၊ မပြောမိအောင်လည်း ဆင်ခြင်ကြရမှာပါပဲ။ ဆရာ ဆရာမတွေနဲ့ လမ်းမှာတွေ့တဲ့အခါမှာတော့ ခေါင်းငုံ့ပြီး အရိုအသေပေးရမယ်။ စကားပြောတဲ့အခါမှာတော့ လေးစားသမှုရှိရမယ်။ မိမိကိုယ်တိုင်လည်း ယုံကြည်မှုရှိရှိနဲ့၊ အရှိကိုအရှိအတိုင်းဖြစ်အောင် မှန်မှန်ကန်ကန်နဲ့ ပြန်လည်ပြောဆိုနိုင်ရမယ်နော်"

"ဟုတ်ကဲ့ဘိုးလေး၊ မြေးတို့ယုံကြည်မှုရှိရှိနဲ့ ပြောဆိုဆက်ဆံတတ်အောင် ကြိုးစားပါ့မယ်၊ ပြီးတော့ မနှစ်သက်ဖွယ်စကား၊ အကျိုးမရှိတဲ့ စကားတွေ မပြောမိအောင်ဆင်ခြင်ကြပါမယ်လို့ ကတိပေးပါတယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု" ။ ။

■

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ




**စိုးရိမ်မှုမရှိအောင်ကြံ့ခိုင်ရမယ်**

**အသောကံ။**

"လောကဓံတရား တွေ့ကြုံတဲ့အခါ စိုးရိမ်ပူဆွေးကြောင့်ကြမှု မရှိခြင်း၊ လောကဓံတရားတွေ့ကြုံငြား စိုးရိမ်သောကမရှိရအောင် ကြံ့ခိုင်ရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

၃၈–ဖြာမင်္ဂလာကဗျာတွေရဲ့ ဒသမ မြောက်ကဗျာဖြစ်တဲ့ "စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာလေးပါး"ထဲက နံပါတ်နှစ် မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက် ဘဝတစ်သက်တာမှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုးရှေးရှေးအခါတုန်းက။

"အသင်လုလင် – အဘယ်ကြောင့် မကြောက်ပါသလဲ"

"တစ်သက်မှာ တစ်ခါသာ သေရတာ က ဓမ္မတာပဲ။ နောက်တစ်ခုက ငါ့ရဲ့ ဝမ်းတွင်းမှာ ဝရဇိန်လက်နက်ရှိတယ်။ ငါ့ကိုစားအံ့၊ သင်ဟာ ထိုဝရဇိန်လက်နက်ကို ကြေရန်မစွမ်းသာ၊ အဲဒီလက်နက်က သင့်ရဲ့အူတို့ကို အပိုင်းပိုင်းဖြတ်ပြီး သင့်ကို သေစေလိမ့်မယ်"

ပဋ္ဌဝုဓမင်းသားဟာ ဘီလူးနဲ့တွေ့ပေမယ့် မကြောက်ရွံ့၊ မထိတ်လန့်လို့ ဘီလူးက အံ့သြဘနန်းမေးမြန်းရာ မင်းသားက အေးဆေးစွာ ပြန်လည်ပြောဆိုလိုက်တာဖြစ်တယ်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုအုပ်ချုပ်တဲ့အချိန်က ဖြစ်စဉ်ပေါ့ကွယ်။ ဗြဟ္မဒတ်မင်းကြီးရဲ့ သားတော်ဖြစ်တဲ့ ပဋ္ဌဝုဓမင်းသား အသက် (၁၆) နှစ်ရောက်တဲ့အခါ ဂန္ဓာရတိုင်းတက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခထံမှာ ပညာသင်ယူစေသတဲ့။ ပညာစုံတဲ့နေ့မှာ ငါးပါးသောလက်နက်တွေကို ယူဆောင်ပြီး ဆရာကိုကန်တော့ကာ တက္ကသိုလ်မှပြန်လာရာ ဘီလူးစောင့်တဲ့တောကို ဖြတ်သန်းရမှာဖြစ်လို့ မင်းသားကအကြံထုတ်လေရဲ့။

"အလို– လုလင်ရေ ဒီတောကို မဝင်လေနဲ့။ ဒီတောမှာရှိတဲ့ဘီလူးမှာ စေးကပ်တဲ့ အမွေးရှိပြီး လာသမျှ လူအပေါင်းကိုလည်း အလွတ်မပေးဘူး၊ စဉ်းစားပါဦး လုလင်"

ဘုရားလောင်းလျာဖြစ်တဲ့ မင်းသားက တုန်လှုပ်မှုမရှိဘဲ ရဲဝံ့စွာတောထဲသို့ ဝင်ခဲ့တာပေါ့ကွယ်။

"ဟင်းဟင်းဟင်း၊ အသင်ဟာ ငါ့ရဲ့ အစာဖြစ်နေပါပေါ့လား။ ပြေးမယ်မကြံလေနဲ့၊ မောတာပဲ အဖတ်တင်မယ်"

တောအုပ်အလယ်သို့ရောက်တဲ့အခါ ဘီလူးနဲ့တွေ့ပြီး ဘီလူးက ကြိမ်းဝါးပြောဆိုတဲ့အခါ မင်းသားက ကြောက်လန့်မှု စိုးစဉ်းမျှမရှိဘဲ တုံ့ပြန်လေတယ်။

"ဒီမှာဘီလူး ငါ့တိုင်းပြည်ကို ပြန်ဖို့ ဒီတောကို ဝင်တာဖြစ်တယ်။ သင်စားလိုပါက ငါ့ထံချဉ်းကပ်ပေလော့။ သင့်ကိုလည်း ငါ့ရဲ့လက်နက်တွေနဲ့ တိုက်ခိုက်ရတော့မှာပေါ့"

မင်းသားက ပြောပြောဆိုဆိုဖြင့် ဘီလူးကို အဆိပ်လူးမြားတွေနဲ့ ပစ်ခတ်ရာ မြားတွေက ဘီလူးရဲ့အမွေးတွေမှာသာ ကပ်ငြိလေတယ်။ ဘီလူးက မြားတွေကို ခါချလိုက်ပြီး မင်းသားထံကပ်လာရာ မင်းသားက သန်လျက်နဲ့ ခုတ်ပြန်သတဲ့။ သန်လျက်လည်း ဘီလူးရဲ့အမွေးတွေမှာ ကပ်ငြိပြန်တယ်။ မင်းသားလည်းရှိသမျှလက်နက်တွေနဲ့တိုက်ခိုက်ရာ လက်နက်အကုန်လုံးက ဘီလူးကိုယ်မှာကပ်ငြိကုန်တာပေါ့ကွယ်။

"ဒီမယ်ဘီလူး၊ သင်ဟာ ပဋ္ဌဝုဓမင်းသားဆိုတာ မကြားဘူးလေရော့သလား၊ သင့်ကို အမှုန့်ကြိတ်ပစ်မယ်မှတ်ထား"

မင်းသားက ကြုံးဝါးကာ လက်ဖြင့်ထိုး၊ ခြေဖြင့်ကန်ကြောက်ပြီး ဦးခေါင်းဖြင့်တိုက်ရာ လက်၊ ခြေ၊ ဦးခေါင်းတို့ ဘီလူးကိုယ်မှာ ကပ်ငြိကုန်ကြလို့ ခွာမရဖြစ်နေပေမယ့် ကြောက်လန့်မှုမရှိတဲ့ အပြင် လောကဓံတရားကို ပိုင်နိုင်စွာ သိထားတာဖြစ်လို့ တုန်လှုပ်မှုလည်းမရှိဘူးပေါ့ကွယ်။

"အသင်လုလင် အဘယ်ကြောင့် မကြောက်ပါသလဲ"

"တစ်သက်မှာ တစ်ခါသာ သေရတာ က ဓမ္မတာပဲ။ နောက်တစ်ခုက ငါ့ရဲ့ ဝမ်းတွင်းမှာ ဝရဇိန်လက်နက်ရှိတယ်။ ငါ့ကိုစားအံ့၊ သင်ဟာ ထိုဝရဇိန်လက်နက်ကို ကြေရန်မစွမ်းသာ၊ အဲဒီလက်နက်က သင့်ရဲ့အူတို့ကို အပိုင်းပိုင်းဖြတ်ပြီး သင့်ကို သေစေလိမ့်မယ်"

ပဋ္ဌဝုဓမင်းသားဟာ ဘီလူးနဲ့တွေ့ပေမယ့် မကြောက်ရွံ့၊ မထိတ်လန့်တာဖြစ်လို့ အံ့သြဘနန်းမေးမြန်းရာ မင်းသားက ပြန်လည် ပြောဆိုလိုက်တာဖြစ်တယ်။ ဘုရားလောင်းလျာက မိမိကိုယ်တွင်းမှာ ရှိတဲ့ ဉာဏ်လက်နက်ကို ရည်ရွယ်ကာ ဝရဇိန်လက်နက်လို့ ပြောဆိုလိုက်တာပေါ့ကွယ်။

"အသင်လုလင် သင်သွားလိုရာ သွားပေတော့၊ လုလင်ကို လွှတ်လပ်ခွင့်ပေးလိုက်ပြီ"

ဘီလူးက မင်းသားရဲ့စကားကို ကြားရတဲ့အခါ ဒီလုလင်ရဲ့အသားစားလိုက်လို့လည်း အစာမကြေတာဘဲ အဖတ်တင်မှာပါပဲလို့တွေးပြီး မင်းသားကို ပြန်လွှတ်ပေးလိုက်တာဖြစ်တယ်။

"အို–အသင်ဘီလူး၊ သင်ဟာ ရှေးဘဝတုန်းက အကုသိုလ်ကံပြုခဲ့လို့ အခုဘီလူးဖြစ်နေရတယ်။ အခုဘဝမှာ အကုသိုလ်အမှုကိုသာ ဆက်ပြီးကျူးလွန်ပါက ဘဝအဆက်ဆက်မှာ ပိုဆိုးဖို့သာ ငါမြင်တယ်"

မင်းသားက ဆုံးမစကားပြောဆိုရာ ငါးပါးသီလရဲ့ အကျိုး၊ အပြစ်တို့ကိုပါ ထည့်သွင်းဟောပြောဆုံးမလေတယ်။

ဘီလူးကိုဆုံးမပြီးတဲ့နောက် မင်းသားလည်း သူ့ရဲ့တိုင်းပြည်သို့ အန္တရာယ်ကင်းစွာနဲ့ ပြန်လည်ရောက်ရှိပြီး ဖခင် ဗြဟ္မဒတ်မင်းကြီးနတ်ရွာစံတဲ့အခါ ဗာရာဏသီမင်းအဖြစ်နဲ့ မျှတမှန်မြတ်တဲ့ မင်းအဖြစ်အုပ်ချုပ်လေတော့သတဲ့။

အသောကံ။

"လောကဓံတရား တွေ့ကြုံတဲ့အခါ စိုးရိမ်ပူဆွေး၊ ကြောင့်ကြမှုမရှိခြင်း၊ လောကဓံတရားတွေ့ကြုံငြား စိုးရိမ်သောကမရှိရအောင် ကြံ့ခိုင်ရမယ်" လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာ ၅၅၀ ဇာတ်တော်လာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "စိတ်ဓာတ်ကြံ့ခိုင်ရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃၀-၁-၂၀၂၃ ရက်မှအဆက်

"ဒါကတော့ မင်းကလဲကွာ ကလေးပဲ။ ဆော့ချင် ကစားချင်မှာပေါ့။ တို့ငယ်ငယ်တုန်းကဆိုရင် သဟာထက်တောင် ပိုဆော့သေး"

ဦးဖိုးခသည် ကိုအေးဆွေ ပြေးထွက်သွားရာဆီသို့ လှမ်းမျှော်ကြည့်လိုက်ရင်း ဆိုလိုက်သည်။

"တော်ဟာ ကျုပ်က မောင်အေးကိုများ ဆိုမယ့် ပြောမယ့် မကြံရသေးဘူး၊ အမြဲတမ်း ရှေ့က ကာဆီးကာဆီးချည်းပဲ"

"ငါက အဖြစ်ပြောသာပါဟာ။ ငါဆိုချင်သာက ကောင်လေးကို ကျောင်းတက်နောက်မကျဖို့က တို့တာဝန် မဟုတ်လား။ တို့က သူ့ကို စာသင်ချင်အောင် လိုက်လျောပေးမှ စာသင်ချင်မှာ မဟုတ်လား။ သူစာတတ်မှ သူ့ဘဝဟာ ထန်းသမားမဖြစ်မှာ။ သို့မို့ရင် တို့လို ထန်းတက်သမားပဲ ဖြစ်မှာပဲ။ သည်တော့ တို့ ဆင်းရဲချင် ဆင်းရဲပါစေ၊ သူ့ကိုတော့ စာတတ်အောင် သင်ပေးချင်တယ်။ တို့ဘဝကတော့ မထူးပါဘူးကွယ်။ တို့သားလေး ကောင်းစားရင် ကျေနပ်ပါပြီ"

ဦးဖိုးခက ခံစားချက် လှိုက်လှဲစွာဖြင့် ပြောပြနေ၏။

"တော်ပြောသာ ဟုတ်ပါသယ်။ ကျုပ်ကလည်း ကိုယ့်သားလေးပဲ စာတတ်ချင် ကောင်းစားစေချင်တာပေါ့။ ခုတော့ ကျုပ်ကပဲ စာမတတ်စေချင် သလိုလို တော့်ဟာက"

ဒေါ်ဘုမက စိတ်ထိခိုက်စွာဖြင့် စိတ်ဆိုးမာန်ဆိုး ပြောလိုက်သည်။

သည်တော့မှ ဦးဖိုးခသည် ပြုံးလာလျက်-

"ဘုမရယ်၊ ငါပြောသာက သည်လိုသဘောနဲ့ ပြောသာမဟုတ်ပါဘူးဟယ်။ နင်လည်း ဝမ်းရေစပ်အောင် မွေးထုတ်လာတဲ့ ကိုယ့်သားတစ်ယောက်ပဲ။ နင့်ရဲ့စေတနာဟာ ငါ့ရဲ့ မေတ္တာစေတနာထက် ပိုရင်သာပိုမယ်၊ လျော့မယ် မဟုတ်ဘူးဆိုတာ ငါသိပါသယ်။ အေးပါလေ သဟာတွေကို ဘေးချိတ်ထားစမ်းပါ။ ငါ ပြောချင်သာက ခုလို ကောင်လေးဟာ ကျောင်းသွားဖို့တောင် တို့က နှိုးဆော်မနေရဘဲနဲ့ ဝီရိယရှိရှိသွားနေတာကိုပဲ သူ့ကို ကျေးဇူးတင်နေရဦးမှာ။ ပြီးတော့ သူ့ဘက်ကလည်း ကြည့်စမ်းပါဦးဟာ။ ကျောင်းမသွားခင် သူလုပ်ပေးသွားတဲ့ အလုပ်တွေဆိုလည်း မနည်းပါဘူး။ တို့သူ့အရွယ်ကဆိုရင် ငွေ(ခွေ) လိမ့်ကောင်းတုန်းပေါ့။ အိမ်အလုပ်များ ဘာတစ်ခုမှ လုပ်ပေးဖော်မရခဲ့ဖူးဘူး။ ခုဆိုရင် တို့သားလေးဟာ သူများသားသမီးတွေနဲ့ စာရင် အတော်လိမ္မာသာ။ သဟာလည်း သူမရှိတုန်းမို့ ပြောသာပါ"

ဒေါ်ဘုမသည် ဦးဖိုးခပြောနေသော စကားများကို စူးစိုက်၍ နားထောင်နေမိသည်။ အမှန်တော့လည်း ဦးဖိုးခပြောသလို သားလေးသည် သူများသားသမီးတွေနှင့် နှိုင်းစာလိုက်လျှင် အလိုက်သိ၍ လိမ္မာသောသားလေး ဖြစ်သည်။ ကျောင်းမသွားမီမှာလည်းကောင်း၊ ကျောင်းမှ ပြန်လာသောအခါတွင် လည်းကောင်း မိမိ "လက်တို လက်ရှည်" လုပ်ရမည့် အလုပ်မှန်သမျှကို သူပင် လုပ်ပေးသွားသည်။ လုပ်စရာကုန်သွားလျှင် "အမေ ဘာလုပ်ပေးရဦးမတုံး" ဟု မေးတတ်၏။ မိမိက "ဘာမှ လုပ်စရာမရှိတော့ပါဘူး သားရယ်" ဟု ပြောလိုက်တော့မှသာ "အမေ၊ ကျွန်တော် သွားကစားတော့မယ်နော်" ဟု ပြောကာ ထွက်သွားတတ်လေသည်။ ဤသည်များကို ဒေါ်ဘုမက တစိမ့်စိမ့်တွေးလာမိရင်း ဦးဖိုးခ၏ စကားများကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်လာသည်။

"သည်တော့ဘုမရယ်၊ တို့က ကောင်လေး စာကျက်ချိန်မှာ ကျက်ပါစေ။ သူ့ကို အနှောင့်အယှက် မဖြစ်ပါစေနဲ့။ ခိုင်းစရာရှိတောင် မခိုင်းဘဲနေပါ။ ကျောင်းချိန်နီးရင်လည်း နီးသလို တို့က လောဆော်လွှတ်ရမှာပေါ့။ အတော်အတန်ဟာလည်း သူ့ဖို့ ကစားချိန်လေးပေးဦးမှပေါ့ဟယ်။ သဟာမှလည်း ဉာဏ်လေးရွှင်လာမယ် မဟုတ်လား"

"ဒေါ်ဘုမသည် ဦးဖိုးခပြောနေသောစကားများကို စူးစိုက်၍ နားထောင်နေမိသည်။ အမှန်တော့လည်း ဦးဖိုးခပြောသလို သားလေးသည် သူများသားသမီးတွေနှင့် နှိုင်းစာလိုက်လျှင် အလိုက်သိ၍ လိမ္မာသော သားလေးဖြစ်သည်။ ကျောင်းမသွားမီမှာလည်းကောင်း၊ ကျောင်းမှ ပြန်လာသောအခါတွင်လည်းကောင်း မိမိ "လက်တို လက်ရှည်" လုပ်ရမည့် အလုပ်မှန်သမျှကို သူပင် လုပ်ပေးသွားသည်။ လုပ်စရာကုန်သွားလျှင် "အမေ ဘာလုပ်ပေးရဦးမတုံး" ဟု မေးတတ်၏။ မိမိက "ဘာမှ လုပ်စရာမရှိတော့ပါဘူးသားရယ်" ဟု ပြောလိုက်တော့မှသာ "အမေ၊ ကျွန်တော် သွားကစားတော့မယ်နော်" ဟုပြောကာ ထွက်သွားတတ်လေသည်။ ဤသည်များကို ဒေါ်ဘုမက တစိမ့်စိမ့်တွေးလာမိရင်း . . ."

[၄]

"ဒေါင် ဒေါင်၊ ဒေါင် ဒေါင်"

ကျောင်းသို့မရောက်မီ အတော်ဝေးဝေးကပင် အဆက်မပြတ် ခေါက်နေသော သံချောင်းသံကို ခပ်သဲ့သဲ့ ကြားနေရသည်။

"ဟင် အစ်ကို၊ ကျောင်းတောင် တက်နေပြီ"

၈ နှစ်၊ ၉ နှစ်အရွယ် ကလေးမကလေးက ရှေ့ကသွားနေသော ကိုအေးဆွေအား လှမ်းပြောလိုက်သည်။ သူတို့နှစ်ဦးစလုံး၏လက်ထဲတွင် ထမင်းဟင်း ထည့်ယူလာသော လက်ဆွဲချိုင့်လေးများ ကိုယ်စီဆွဲကိုင်၍ ပခုံးတွင်မူ ကျောက်သင်ပုန်း၊ စာအုပ်များ ထည့်ထားသော ကျောင်းလွယ်အိတ် ကိုယ်စီလွယ်လျက်ရှိ၏။ ထိုသို့ သံချောင်းသံကြားလိုက်ရမှ သူတို့၏ခြေလှမ်းကလေးများသည် ပို၍ ခပ်သွက်သွက် လှမ်းနေကြတော့သည်။

"အေး၊ ဟုတ်သယ်ဟ" ဟု ပြောလိုက်ရင်း ကိုအေးဆွေ၏ မျက်နှာကလေးတွင် စိုးရိမ် ကြောင့်ကြမှုလေးများသည် ချက်ချင်းဆိုသလို လွှမ်းမိုးလာတော့သည်။

"သည်သခါလည်း အရိုက်ခံရဦးမှာပဲ ထင်သယ် အစ်ကို"

"အေးဟယ်၊ ထွေးရီမလဲ ငါ့ကြောင့်ချည်း အရိုက်ခံနေရပြီ။ နင်ကလည်း စောစောစီးစီးကတည်းက သွားနှင့်ရောပေါ့။ ငါက အလုပ်ရှိနေသေးလို့ နေရသာဟာ"

ကိုအေးဆွေသည် မိမိအတွက်ကြောင့် ကျောင်းတက်နောက်ကျသဖြင့် ထွေးရီပါ ဆရာ၏ အပြစ်ဒဏ်ပေးခြင်း၊ အရိုက်အနှက်ခံရခြင်းကို မလိုလားပေ။ ထို့ကြောင့်လည်း ထွေးရီအား "မသွားနှင့်ကောင်းလား" ဟု ကရုဏာဒေါသောဖြင့် မာန်လိုက်သည်။

"အို အစ်ကိုကလဲ၊ ကျွန်မချည်း သွားချင်ပါဘူး။ အစ်ကိုနဲ့မှ သွားမှာပေါ့။ ပြီးတော့ သလောက်အဝေးချည်း တစ်ယောက်တည်း မသွားရဲဘူး၊ သရဲကြောက်တယ်"

ထွေးရီမှာ ကိုအေးဆွေတို့၏ တဲနီးချင်း ဦးစံကျော်၏ သမီးလေးဖြစ်သည်။ သူတို့နှစ်ဦးမှာ ကျောင်းသွားဖော် သွားဖက်၊ ကစားဖော် ကစားဖက် ဖြစ်ကြသည်။ ကိုအေးဆွေမှာ ၁၂ နှစ်၊ ၁၃ နှစ် ရှိလာပြီဖြစ်၍ ဆဋ္ဌမတန်းသို့ ရောက်နေပြီဖြစ်၏။ ထွေးရီမှာလည်း ဒုတိယတန်းသို့ပင် ရောက်နေလေပြီ။

ကိုအေးဆွေနှင့် ထွေးရီတို့၏ အမေ၊ အဖေများ တဲများသည် လက်ပံပင်ရွာကလေး၏ တောင်ဘက် တစ်ခေါ် (တစ်ဖာလုံ) လောက်ဝေးသော ၎င်းတို့ တက်နေသည့် ထန်းတောများအလယ်တွင် တဲဆောက်ပြီး စုနေကြခြင်းဖြစ်လေသည်။

သူတို့နှစ်ဦး သွားတက်ရသည့် စာသင်ကျောင်းမှာ လက်ပံပင်ရွာ၏ အရှေ့မြောက်ဘက်တွင်ရှိသော အလယ်တန်းကျောင်းဖြစ်သည်။ တဲများမှ ကျောင်းအထိဆိုလျှင် နှစ်ခေါ် သုံးခေါ်လောက် ဝေးလေသည်။ ကျောင်းနှင့် တဲစုမှာ အတန်ငယ်ဝေးသည်က တစ်ကြောင်း၊ ကလေးသူငယ်များ ဖြစ်သည်ကတစ်ကြောင်း နေ့လယ်ပိုင်း မုန့်စားလွှတ်ချိန်တွင် တဲသို့ ပြန်လာနိုင်ရန် အချိန်မရနိုင်ပေ။ ထို့ကြောင့်လည်း ကိုအေးဆွေနှင့် ထွေးရီတို့သည် အတန်ငယ်ဝေးသော ရွာနီးချင်းရွာများမှ လာတက်လေ့ရှိသည့် အခြားကျောင်းသားလေးများနည်းတူ ထမင်းထုပ်၊ ထမင်းချိုင့်လေးများ ကိုယ်စီဆွဲကာ ကျောင်းတက်လေ့ရှိကြလေသည်။

"ငါပြောသာက နင်တစ်ယောက်တည်း သွားဖို့ပြောသာ မဟုတ်ပါဘူး။ အဖော်ရှာသွားဖို့ ပြောသာပါ"

"ဟင့်အင်၊ သူတို့နဲ့ သွားချင်ပါဘူး။ လမ်းကျရင် "သရဲကြီး၊ သရဲကြီး" ဆိုဆိုပြီး အတင်း ရှေ့ကထွက်ပြေး ပြေးသွားကြသယ်"

ထိုအချိန်တွင် ကိုအေးဆွေတို့နှစ်ဦးသည် ကျောင်းဝင်းထဲသို့ ရောက်လာကြပြီဖြစ်၍ ဆရာ ကြိမ်းမောင်းမည့် အပြစ်ဒဏ်ကို စိုးရိမ်ပူပန်သည့် စိတ်သောက ကလေးများ ကိုယ်စီခံစားရင်း အခြေအနေအကဲခတ်လျက် ခပ်ကုပ်ကုပ်နှင့် ဝင်လာကြသည်။

"မင်းကို ဆရာကြီးခေါ်နေတယ်"

အတန်းထဲသို့ ဝင်လိုက်လျှင်ပင် ကိုအေးဆွေအား အတန်းပိုင်ဆရာက ဆီးကြိုနှုတ်ဆက်လိုက်သည်။ ကိုအေးဆွေ၏ ရင်ဝတွင်လည်း ကြောက်လန့်သည့်စိတ်များက ဒိန်းခနဲ ပြေးဆောင့်လိုက်ကာ ပြင်းစွာ တုန်လှုပ်ချောက်ချားသွားမိသည်။

"အင်း၊ သည်တစ်ခါလည်း အရိုက်ခံရဦးမှာပဲ ထင်ပါရဲ့" ဟု ကိုအေးဆွေက စဉ်းစားရင်း ဆရာကြီးရှေ့သို့ ရောက်လာသည်။ ထွေးရီလည်း နောက်ဆီမှ ချက်ချင်းလိုပင် ရောက်လာသည်။ ကျောင်းအုပ်ဆရာကြီး၏ ရှုတင်းတင်းအကြည့်ကြောင့် ကိုအေးဆွေ၏ ကျောထဲဝယ် ကြောက်လန့်သောစိတ်များသည် စိမ့်၍ဝင်လာကာ ကျောပင် ချမ်းလာတော့သည်။

"ကဲ၊ မောင်အေးဆွေနဲ့ မထွေးရီ၊ ဆရာ မင်းတို့ကို ဘယ်နှကြိမ်ပြောရမလဲ။ အခုလို ကျောင်းတက်နောက်ကျနေသာ ဘယ်နှခါရှိပလဲ"

"အများကြီးရှိပါပြီ ဆရာ"

ဆရာကြီး၏အမေးကို ကိုအေးဆွေက တုန်ယင်စွာဖြင့် ဖြေလိုက်၏။

"အခု ကျောင်းတက်နောက်ကျနေသာကော ဘာဖြစ်လို့လဲ"

"မယိုး (မြူအိုး) ကောက်နေရလို့ပါ ဆရာ"

"မယိုး ကောက်သာလည်း ကောက်ရပါသယ်။ မကောက်ရဘူးလို့ မဆိုလိုပါဘူး။ ဒါပေမဲ့ ကျောင်းတက်ချိန်တော့ မီအောင် စောစောလာရမယ်"

"လာပါသယ် ဆရာ"

"လာရင် ကျောင်းတက်မီမှာပေါ့ကွ" ဟု ဆရာကြီးသည် မျက်မှောင်ကြီးကြုတ်၍ ကိုအေးဆွေနှင့် ထွေးရီတို့အား စူးစူးစိုက်စိုက် ကြည့်လိုက်၏။ ပြီးမှ ဆက်လက်၍ -

"အေး၊ မင်းတို့လို ကျောင်းစည်းကမ်း မရှိသေတဲ့သူတွေရှိနေပါလျက်နဲ့ ဆရာက အခါခါ ညှာတာလိုက်ရင်၊ ခွင့်လွှတ်လိုက်ရင် တို့ကျောင်းဟာ စည်းမဲ့ကမ်းမဲ့ ကျောင်း ဖြစ်သွားပြီးတော့ ကြာရင် ထိန်းသိမ်းအုပ်ချုပ်လို့ မရတော့ဘဲ ပျက်သွားနိုင်တယ်။ အဲဒီလိုပဲ တိုင်းပြည်မှာလည်း နိုင်ငံတော်ရဲ့ စည်းကမ်းဥပဒေကို မလေးစားတဲ့ ချိုးဖောက်ဖျက်ဆီးသူတွေပေါ်များလာရင် အဲဒီတိုင်းပြည်ဟာ ပျက်စီးသွားနိုင်တယ်။ စည်းကမ်းဆိုတာဟာ အသေးအဖွဲ့ကလေးကအစ လိုက်နာတတ်မှ အကြီးအကျယ်ထိ လိုက်နာတတ်တဲ့ အကျင့်ရလာတယ်။ နောက်ပြီး မင်းဟာလည်း တစ်နေ့ တိုင်းပြည်ရဲ့ ခေါင်းဆောင်ကြီး ဖြစ်ချင် ဖြစ်မယ်။ ဝန်ကြီးချုပ်လည်း ဖြစ်ချင် ဖြစ်မယ်။ စစ်ဗိုလ်ချုပ်ကြီးလည်း ဖြစ်ချင် ဖြစ်မယ်။ အေး ဒီလိုဖြစ်နိုင်တာကလည်း ငယ်စဉ်ကျောင်းသားဘဝကတိုင် တာဝန်ကို လေးစားမှ၊ စည်းကမ်းကို ရိုသေတတ်မှ နောင်ခါ တိကျပြတ်သားတဲ့၊ သစ္စာရှိတဲ့ တိုင်းပြည်ရဲ့ ခေါင်းဆောင်ကောင်း ဖြစ်နိုင်တယ်။ နားလည်ရဲ့လား၊ ဆရာ ပြောတာ"

"ဟုတ်ကဲ့"

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ္ဏတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၆၀ ဆူ | ၁၆၀ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၇၅ ကျင်း | ၂၀၄၄. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈ ကျင်း | ၂၇ ကျင်း | ၁၉၁ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၁ ကျင်း | ၂၃ ကျင်း | ၅၈၈၈ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၃ စုံ | ၄၉၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဒ/၆၃၊ မြေကွက်အမှတ်- ၆၆၄၊ မြေကွက်တည်နေရာအမှတ်- ၆၆၄၊ ဓမ္မာရုံလမ်း၊ (၁၇) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဗက အောင်မြင့်ရွှေ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗက အောင်မြင့်ရွှေ [၇/ပခန(နိုင်)၀၃၃၀၅၀]ထံမှ အိမ်ခြံမြေ နှစ်ဦးသဘောတူ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်ခင် [၈/မကန(နိုင်)၀၁၇၆၂၈]မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ တင်ပြနိုင်ခြင်းမရှိဘဲ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့ တင်ပြပြီး ပါမစ်(မစုံ)ဖြင့် နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံ သာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက် လျှောက်လွှာခေါ် ယူခြင်း ဖြစ်ပါသည်-

(က) ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၄)နေရာ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

၂။ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ (ကွန်ပျူတာအခြေခံတတ်မြောက်၍ လက်တွေ့အသုံးပြုဆောင်ရွက်နိုင်သူဖြစ်ရမည်။)
(ဂ) လျှောက်ထားသူသည် (၁-၂-၂၀၂၃)ရက်တွင် ပြင်ပဖြေ အသက် (၃၀)နှစ်၊ အစိုးရဝန်ထမ်း အသက် (၃၅)နှစ်ထက် မကြီးရ။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်ရောဂါကင်းရှင်းသူ ဖြစ်ရမည်။ (ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်ရမည်။)
(င) ပါတီနိုင်ငံရေးကင်းရှင်းပြီး ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်ပါရှိရမည်။ (ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့)
(စ) ဌာန၏လုပ်ငန်းတာဝန်များအား အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ အထက်ပါရာထူးနေရာများသို့ လျှောက်ထားသူသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂၆)၊ နေပြည်တော်သို့ (၁၅-၂-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၂၂-၂-၂၀၂၃ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ပေးပို့ရန်ဖြစ်ပါသည်။

၄။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို ထည့်သွင်း လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် ရေးဖြေစာမေးပွဲများကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးချုပ်တွင် ကျင်းပသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား နှုတ်ဖြေစာမေးပွဲဖြေဆိုမည့်ရက်အား ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

| | | |
|---|---|---|
| (က) | နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ | (၁)စောင် |
| (ခ) | အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ | (၁)စောင် |
| (ဂ) | တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ | (၁)စောင် |
| (ဃ) | ပညာအရည်အချင်းထောက်ခံချက် | (၁)စောင် |
| (င) | ရပ်ကွက်ထောက်ခံစာ | (၁)စောင် |
| (စ) | ရဲစခန်းထောက်ခံစာ | (၁)စောင် |
| (ဆ) | ဆေးလက်မှတ် | (၁)စောင် |
| (ဇ) | အိမ်ထောင်စုဇယားမိတ္တူ | (၁)စောင် |
| (ဈ) | ဓာတ်ပုံ | (၂)ပုံ |

၇။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ website **www.mopf.gov.mm နှင့် www.facebook.com/budgetdepartment** တို့တွင် ရယူလျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနစုသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၅၃၀ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး(၂)(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၂၀)နေရာများအတွက် **အမျိုးသား၊ အမျိုးသမီး(ကျား/မ) မရွေး**လျှောက်ထားနိုင်ရန် ခေါ်ယူခြင်းဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တွင် ကနဦးလစာ ကျပ်၂၁၆၀၀၀/-ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသရုံးများ)တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါဘွဲ့တစ်ခုခု ရရှိသူများဖြစ်ရပါမည်-
 (၁) ဝါဏိဇ္ဇဗေဒဘွဲ့ (B.com)
 (၂) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ (Economics)
 (၃) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ) B.Econ (Statistics)
 (၄) စာရင်းကိုင်ပညာဘွဲ့ B.Act
 (၅) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
 (၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
 (၇) ဖွံ့ဖြိုးရေးပညာဘွဲ့( B.Dev.S)
 (၈) စီးပွားရေးသိပ္ပံဘွဲ့ (B.B.Sc)
 (၉) ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ) B.A(BS)
 (၁၀) ဝိဇ္ဇာဘွဲ့(စီးပွားရေးပညာ) B.A(Eco)
 (၁၁) ကွန်ပျူတာသိပ္ပံဘွဲ့ B.C.Sc
 (၁၂) ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)
 (၁၃) သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) B.Sc(Computer Science)
 (၁၄) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)
(ဂ) ၁-၂-၂၀၂၃ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်စေရ။ နိုင်ငံ့ဝန်ထမ်းများအား အသက် (၃၀)နှစ်အထိ ခွင့်ပြုသည်။
(ဃ) ဌာနတွင် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့်စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများတွင် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းကို ထပ်မံဖြေဆိုရမည်။ စာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- ပေးသွင်းရမည်ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624သို့ ငွေစာရင်းခေါင်းစဉ် ၇။ ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ "၁။ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၂။ဆောင်ရွက်ပေးမှုအတွက်ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှ ပေးသွင်းသူများသည် Fax- ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၆။ လျှောက်လွှာတွင်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်(အသက်)
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့် ခုနှစ်
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့် ဌာန
(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
(ဇ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ်
(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ

(က) ဝင်ကြေးပေးသွင်းသည့်ချလန်(မူရင်း)
(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(င) ပတ်စ်ပို့အရွယ်ဓာတ်ပုံ ငါးပုံ
(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဇ) (၆)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(ဈ) (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၈။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ **website www.mopf.gov.mm နှင့် www.facebook.com/budgetdepartment** တို့တွင် ရယူလျှောက်ထားနိုင်ပါသည်။

၉။ လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၂၆)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့ လိပ်မူ၍ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ မှတ်ပုံတင်စာပြုလုပ်၍လည်းကောင်း ၁၅-၂-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန် ဖြစ်ပါသည်။

၁၀။ ဝန်ထမ်းများသည် ဌာနအကြီးအကဲခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၂၂-၂-၂၀၂၃ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်၊ လျှောက်လွှာမိတ္တူတစ်စောင်ကို ၁၅-၂-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနစု၊ တယ်လီဖုန်းအမှတ်(၀၆၇-၃၄၁၀၅၃၀) သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း (အထက်ဘလောက်)၊ အမှတ် (၂၅၃/၂၅၅)၊ အခန်းအမှတ် (၁၂)၊ ၆-လွှာ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်)၊ အကျယ်အဝန်းပေ(၂၀ x ၆၀)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးနိုင်ဝင်း [၁၂/ဗဟန(နိုင်)၀၀၃၁၅၁]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာမြင့် [၁၂/မဂတ(နိုင်)၀၀၉၆၈၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်-၈၇၉၂)** | **(စဥ်-၅၄၃၀၅)** |

**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၉၅၉**

## ဦးသန့်ဇင်ဦး(ခ)ကျွဲကြီး (ဘ)ဦးငွေအောင် [၉/ဒခသ(နိုင်)၀၀၆၈၉၈]နှင့် အများပြည်သူများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ၄၉ လမ်း (အထက်လမ်း)၊ အမှတ် (၁၇၆) မြေညီထပ်တွင် ဖွင့်လှစ်ထားသော Conny Tech Myanmar Co., Ltd. အမည်ဖြင့် အင်ဂျင်နီယာလုပ်ငန်းများနှင့် လုပ်ငန်းခွဲဖြစ်သော Rutilantech Engineering မှ ရေသန့်တပ်ဆင်၊ ပြုပြင်၊ ထိန်းသိမ်းပေးခြင်းစသည့် (ဆက်စပ်လုပ်ငန်း)များကို ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ နေပြည်တော်နှင့် အခြားမြို့ကြီးများတွင် ကောင်းသတင်းနှင့် တရားဝင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။

ယခုအခါ Rutilantech Engineering ရေသန့်တပ်ဆင်ခြင်းလုပ်ငန်း နေပြည်တော်(ရုံးခွဲ)တွင် ၂၀၂၂ခုနှစ်၊ မတ်လမှစ၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးအပ်ထားသော ဦးသန့်ဇင်ဦးသည် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှ မိမိ၏သဘောဆန္ဒအလျောက် ဝန်ထမ်းအဖြစ်မှ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလကုန်တွင် နုတ်ထွက်ခဲ့ပြီး ဖြစ်ပါသည်။

၎င်းသည် ကုမ္ပဏီမှ ထွက်ခွာသွားခဲ့ပြီးနောက် ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ Rutilantech Engineering ၏ အမည်အား အလွဲသုံးစားပြု၍ အများပြည်သူများ ထင်ယောင်ထင်မှား ဖြစ်စေရန် အလို့ငှာ ရေသန့်စက်များ တပ်ဆင်ပေးခြင်း၊ ပြုပြင်လဲလှယ်ခြင်း၊ ရောင်းဝယ်ဖြန့်ဖြူးခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိနေကြောင်း ကြားသိခဲ့ရပါသည်။

ထိုသို့ Rutilantech Engineering အမည်ဖြင့် ရေသန့်စက် ရောင်းဝယ်တပ်ဆင်ပြုပြင်ခြင်းများအား ဦးသန့်ဇင်ဦးကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးအား တာဝန်ပေး၍ဖြစ်စေ လုံးဝဆောင်ရွက်ခြင်းမပြုရန် တင်းကျပ်စွာဖြင့် အသိပေးတားမြစ်အပ်ပါသည်။

သို့ဖြစ်ပါ၍ Conny Tech Myanmar Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ၊ အဖွဲ့ဝင်ဒါရိုက်တာများနှင့် အခြားတာဝန်ရှိသူတစ်ဦးဦး၏ ကိုယ်တိုင်လုပ်ကိုင်ခွင့်ပေးသည့် အထောက်အထားခိုင်လုံစွာမပါရှိသော လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် Rutilantech Engineering အမည်အသုံးပြု၍ မရိုးမဖြောင့်သော သဘောဖြင့် လိမ်လည်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူများအားလုံးကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**မန်နေဂျင်းဒါရိုက်တာ ဦးမြတ်ကိုကို [၁၂/ပဇတ(နိုင်)၀၂၉၈၄၉]၏**
**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးသန်းထွဋ် (LL.B) တရားလွှတ်တော်ရှေ့နေ စဥ်-၁၅၈၇၃(၂၀၁၉)**
**Conny Tech Myanmar Company Limited**
**အမှတ် (၁၇၆) မြေညီထပ်၊ ၄၉လမ်း(အထက်လမ်း)၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၂၈၅၂**

## အများသိစေရန် အသိပေးကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆) ရပ်ကွက်၊ ၄၄-လမ်းကွန်ဒို အမှတ် (၅၉) Phoo Sar Phat Myanmar Co., Ltd. (ကိုယ်စား) ဦးကျော်ရဲဝိုလ် (၁၂/မဂတ (နိုင်) ၀၈၈၂၈၇) ၏ လွှဲအပ်ချက်အရ အများသိရှိစေရန် အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ၂၀၂၁ ခုနှစ်တွင် တရားဝင်တည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး၊ ၎င်းအမည်အမှတ်တံဆိပ်ဖြင့်ပင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ပါလုပ်ငန်းအမှတ်တံဆိပ်ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည် -




Phoo Sar Phat Myanmar Co., Ltd. သည် ဖူးစာဖက်၍ အောင်သွယ်သည့် လုပ်ငန်းနှင့်ဖျော်ဖြေရေးဗီဒီယိုများကို Digital Platform တွင် လုပ်ကိုင်ဆောင်ရွက်နေပြီး ကောင်းသောဂုဏ်သတင်းနှင့် ကျော်ကြားနေသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ယခုအခါ Phoo Sar Phat Myanmar Co., Ltd. ၏ Rules and Regulations များ၊ Content များ အထူးသဖြင့် ကုမ္ပဏီ၏ Member ဝင် Customers များကြားသာ သိရှိနိုင်သောအချက်အလက်များကို တဆင့်ကူးယူ၍ Social Media (Facebook) တွင် Phoo Sar Phat Myanmar Co., Ltd. ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များအတိုင်း လိုက်လံတုပလုပ်ဆောင်နေသည်ကို Member ဝင် Customers များမှ လာရောက်ပြောပြောဆိုသဖြင့် Company မှလည်း ရှာဖွေတွေ့ရှိခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ ပင်ကိုယ်ဉာဏ်စွမ်းဖြင့် ကိုယ်တိုင်တီထွင်ထားသော လုပ်ထုံးလုပ်နည်းများ အချက်အလက်များအပေါ် ထိုသို့ ကူးယူအသုံးချနေမှုသည် ကုမ္ပဏီ၏ အကျိုးစီးပွားကို များစွာထိခိုက်နစ်နာစေပါသည်။ အများပြည်သူများကြားတွင်လည်း ထင်ယောင်ထင်မှားဖြစ်စေပါသည်။

သို့ဖြစ်ပါ၍ ယခုကဲ့သို့ ကူးယူသုံးစွဲနေမှုအပေါ် ဆက်လက်မလုပ်ဆောင်ပါရန် သတိပေးအပ်ပါသည်။ လိုက်နာမှုမရှိဘဲ ဆက်လက်လုပ်ဆောင်နေပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ တရားမကြောင်း ပြစ်မှုကြောင်းများဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်ခိုင်သဇင်ထွန်း**
**LL.B.,M.A (Business Law)., D.B.L., D.I.L.,D.M.L.,D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၆၉၁/၂၀၁၉)**
**တိုက်(၃/၆)၊ ရန်ကင်းလမ်းသွယ် (၄)လမ်း၊ (၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၅၀၀၅၃၈၄၄**
Email: khinethazinhtun.law@gmail.com.

# တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၉)ဒေါ်ခင်ငွေးမြင့်(ဦးပြည့်ဖြိုးနိုင်၏GPရသူ)အမည်ပြောင်းတွင်မှတ်ပုံတင်အမှတ်(၁၂/လမန(နိုင်)၁၄၂၃၄၄)ဟုအမှန်ဖတ်ရှုပါရန်။

# မီးဘေးရှောင် မလောင်ခင်တား

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် Bank Note Processing Machine BPS–M7 (၄)လုံး၏ (Consumables) ဆက်စပ်ပစ္စည်းများဖြစ်သော(Foil, Band Strap, Shrink Film) တို့အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်–

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | – | ၂-၂-၂၀၂၃ ရက်နေ့မှ ၁၃-၂-၂၀၂၃ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| တင်ဒါပုံစံရောင်းချမည့်နေရာ | – | ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက် | – | ၁၅-၂-၂၀၂၃ ရက် ညနေ(၄:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | – | ၁၇-၂-၂၀၂၃ ရက် နံနက် (၁၀:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | – | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၃၄၁၈၂၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## Dream Job Myanmar Limited
## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ Dream Job Myanmar Limited အား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းစန်းဝင်း [B.Com (CPA)] အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအတွက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံခြင်းများကို ပြုလုပ်နိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း [B.Com (CPA)]**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ MAIP (00136)**
**No.5,3rd Floor, 111st Street, Mingalar Taung Nyunt Township, Yangon, Myanmar.**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၆ အယ်လ်၊ မြေကွက်အမှတ်–၁၂၀ ဘီ/စီ+၁၂၀ဘီ /၁–အေ၊ ဧရိယာ (၀.၃၆၉)ဧက၊ မြေအမျိုးအစား– မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ခင်စု(ခ) ဒေါ်ခင်စု (ဘ) ဦးပါစိန် [၁၂/ရကန(နိုင်)၀၅၂၅၁၅]က သားအရင်းဖြစ်သူ ဦးဆွေမြင့် (ဘ) ဦးဆန်နီဆွေ [၁၂/ရကန(နိုင်)၀၆၆၅၉၅]အား မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်မည့်အပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်းမှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၉၊ မြေကွက်အမှတ်–၈၆၆၊ အကျယ် ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေကွက်၏ ခြေရင်းဘက်ခြမ်းအကျယ် ပေ(၂၀x၆၀)၊ မြေအမျိုးအစား– ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်–၈၆၆၊ ၇၉–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်တင်ရီကျော်[၁၂/အစန(နိုင်)၀၂၇၆၄၁]အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၁၈–၈–၂၀၂၀)ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်တို့အရ ဒေါ်ရီရီစန်း [၁၄/ဘကလ(နိုင်)၂၄၆၁၅၄]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၉၂)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/သပြေကုန်း၊ မြေကွက်အမှတ်(S–၀၀၆)၊ ဧရိယာ (၀.၂၂၉)ဧကရှိ ဦးဇေယျာညွန့်(ခ) ဇေယျာညွန့်ဝင်းမောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်အိသန္တာဘို (ဘ) ဦးဘိုနီ [၁၂/ဒဂန(နိုင်) ၀၂၃၀၄၃] မှ မြေငှားစာချုပ်၊ သေဆုံးမှုလက်မှတ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၈၁၄/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်(၃၉၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၉၂/ခ)၊ ကောလိယ(၃၂)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ [ဒေါ်ပင်စီအောင်မြင့်(ခ)ခင်လေးတင့် အာဂျီအန်–၀၁၄၉၆၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပင်စီအောင်မြင့်(ခ) ခင်လေးတင့် (မိခင်) နှင့် ဦးမျိုးအောင်(ဖခင်) တို့ ကွယ်လွန်သဖြင့် ဦးစိုင်းဇော်မင်းလေး (ခ)စိုင်းကိုကို[၁၂/ဥကတ(နိုင်)၁၈၅၃၃၂]မှ တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကတိသစ္စာပြုလွှာအမှတ်–၁၀၃/၂၀၂၂(၁၉–၉–၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်း မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီ အနောက်ပိုင်းတက္ကသိုလ်ဓာတ်အားခွဲရုံ၊ ၂၃၀ ကေဗွီ ရွှေမြို့ဓာတ်အားခွဲရုံ တိုးချဲ့ခြင်းနှင့် ၂၃၀ ကေဗွီ မင်းလှဓာတ်အားခွဲရုံတိုးချဲ့ခြင်း စီမံကိန်းများအတွက် လိုအပ်သော 230/66/11kV(33.33)MVA Single Phase Power Transformer and Related Accessories(8)Nos နှင့် 230/33/11kV(33.33)MVA Single Phase Power Transformer and Related Accessories (3) Nosတို့အား သယ်ယူပို့ဆောင်ရန်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၄–၂–၂၀၂၃)ရက်(၁၂:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (**www.moep.gov.mm**)တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း–၀၆၇–၃၄၁၀၂၀၉၊ ၀၆၇–၃၄၁၀၂၈၂**

## သီဟ(၄၀)သူငယ်ချင်းများသို့

(၁) မပြီးပြတ်သေးသည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေပါသည်။ ကျောင်းဆင်းသူငယ်ချင်းများ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းများကို p/p အရွယ် ဓာတ်ပုံတစ်ပုံစီနှင့်အတူ လူကိုယ်တိုင်(သို့) ဖော်ပြပါ ဖုန်းများသို့ viber ဖြင့် အမြန်ပေးပို့သွားကြပါရန်။

(၂) ကျဆုံး/သေဆုံးသွားသူများ၏ ကိုယ်ရေးမှတ်တမ်းများကိုပါ ရလိုပါ၍ နီးစပ်ရာကျန်ရစ်သူမိသားစုဝင်များနှင့် နီးစပ်သူများမှ သွားရောက်ဆက်သွယ်၍ ဆောင်ရွက်ပေးသွားကြပါရန်။

(၃) မဂ္ဂဇင်းထုတ်ဝေရေးအတွက် အလှူငွေများကိုလည်း ပါဝင်ကူညီဆောင်ရွက်နိုင်ပါသည်။

ဆက်သွယ်ရန် viber နံပါတ်များ –၀၉–၂၅၄၀၇၅၀၆၆၊ ၀၉–၅၁၂၁၇၆၅၊ ၀၉–၅၁၃၃၃၆၆၊ ၀၉–၉၄၅၉၂၄၅၉၂

**မဂ္ဂဇင်းဖြစ်မြောက်ရေးအဖွဲ့**

## "အများသိရှိစေရန် ကြေညာခြင်း"

ဦးဇာနည်ထွန်း[၁၂/မဘန(နိုင်)၀၈၄၄၆၀]နှင့် ဦးအောင်ဆန်းဇာနည် [၁၃/တကန (နိုင်)၂၉၉၅၃၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာအပ်ပါသည်။

SN EAGLE COMPANY LIMITED ကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ဝင်(၃)ဦးဖြစ်သည့် ဦးဇာနည်ထွန်း၊ ဦးစိုးသူဝင်းနှင့် ဦးအောင်ဆန်းဇာနည်တို့မှ ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခဲ့သော ကုမ္ပဏီတစ်ခုဖြစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဦးဇာနည်ထွန်းနှင့် ဦးအောင်ဆန်းဇာနည်တို့နှစ်ဦးသည် ကုမ္ပဏီမှ နုတ်ထွက်သွားခဲ့ပြီးနောက် SN EAGLE COMPANY LIMITED နှင့်ပတ်သက်သော မည်သည့်လုပ်ငန်းကိစ္စကိုမှ ဆောင်ရွက်ခြင်းလုံးဝမရှိခဲ့ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ရာ ဦးဇာနည်ထွန်းနှင့် ဦးအောင်ဆန်းဇာနည်တို့ နုတ်ထွက်သွားခဲ့ပြီးနောက်ပိုင်း SN EAGLE COMPANY LIMITED ကုမ္ပဏီနှင့် ပတ်သက်ဆက်နွှယ်သည့်ဆောင်ရွက်မှုကိစ္စအဝဝသည် ဦးဇာနည်ထွန်းနှင့် ဦးအောင်ဆန်းဇာနည်တို့ နှစ်ဦးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးသန့်ဇင်ကျော် LL.B, DBL, PGDE** | **ဦးချစ်ဖြူ LL.B** |
| **(စဉ်–၁၁၆၀၅/၂၀၁၆)** | **(စဉ်–၁၃၈၈၉/၂၀၁၇)** |

**(တရားလွှတ်တော်ရှေ့နေများ)**

| | |
|---|---|
| **ယ၆/(၅၅–ခ)၊ အောင်သပြေလမ်း၊** | **အမှတ်(၂၃၈၆)၊ ပုဂံ(၁)လမ်း** |
| **ရန်အောင် (၁)ရပ်ကွက်၊** | **ရတနာသိဒ္ဓိရပ်ကွက်၊** |
| **ပျဉ်းမနားမြို့နယ်၊** | **ဥတ္တရသီရိမြို့နယ်** |

**PH: 09–43107750**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ဘုရင့်နောင်ရိပ်သာနေ ဒေါ်သိန်းသန်းမြင့်ဌေး[၁၂/သကတ(နိုင်)၁၉၀၉၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးဝင်းအောင်+ဒေါ်မြင့်မြင့်အေးတို့၏ သမီး ဒေါ်သိန်းသန်းမြင့်ဌေးနှင့် ဦးဌေးအောင်+ ဒေါ်နွဲ့နွဲ့တော့၏သား သန်လျက်စွန်းနေ ဦးရဲထူးအောင် [၁၀/မလမ(နိုင်)၁၈၇၂၄၇]တို့သည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် (၂၈–၁၀–၂၀၂၂)ရက်နေ့၌ မှတ်ပုံတင်စာအမှတ်(၁၄၁/၂၀၂၂)ဖြင့် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ထိုသို့ နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်သော်လည်း နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများအား ယနေ့အချိန်အထိ တရားဝင်ပစ္စည်းခန်းခွဲဝေရခြင်းမရှိသေးကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါပစ္စည်းများအား ကျွန်ုပ်မိတ်ဆွေ ဒေါ်သိန်းသန်းမြင့်ဌေး၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မည်သူတစ်ဦးတစ်ယောက်ကမှ မပြုလုပ်ပါရန် အသိပေးတားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်ခင်တော်(LL.B)** | **ဒေါ်ခင်လင်းအေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၆၄၈၀/၁၉–၁၂–၉၇)** | **(စဉ်–၉၇၃၁/၂၆–၃–၂၀၁၄)** |
| **အခန်း–၂၆၊ ပထမထပ်၊ Strand Condo, မဟာဗန္ဓုလပန်းခြံလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊** | **အခန်း–၃၊ ၇–လွှာ၊ Strand Condo, မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း– ၀၉–၅၀၈၀၁၁၁၊ ၀၉–၈၆၁၃၁၁၁** | **ဖုန်း– ၀၉–၅၀၇၂၁၈၅၊ ၀၉–၇၆၅၀၇၂၁၈၅** |

## တောင်တောင်ပျက်ပြုန်း မြေဆီသုဉ်း၏

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## (ရေဆင်း၊ နေပြည်တော်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | ပညာအရည်အချင်း ကန့်သတ်ချက် |
|---|---|---|---|
| (က) | သရုပ်ပြ (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) | (၁၁) နေရာ | တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V.Sc) တိရစ္ဆာန်ဆေးပညာဘွဲ့(D.V.M) မွေးမြူရေးပညာဘွဲ့(B.A.Sc) လျှောက်ထားသည့်ဘာသာရပ်တွင် (၆၅) မှတ်နှင့်အထက် (Credit) ရရှိရမည်။ |
| (ခ) | စာရင်းကိုင်–၂ (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) | (၂) နေရာ | ငွေစာရင်းဌာနတွင် ခန့်ထားရန် အတွက်– (၁) B.BSc (Accounting & Finance) / (၂) B.BSc (Applied Statistics) / (၃) B.Econ (Eco)/ (၄) B.Econ (Stats)/ (၅) B.Com / (၆) B.Act |
| (ဂ) | အငယ်တန်းအင်ဂျင်နီယာ–၂ (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) | (၂) နေရာ | အင်ဂျင်နီယာဌာနတွင် ခန့်ထားရန်အတွက်– B.E (Civil/EP/EC/IT)/ B.Tech (Civil/EP/EC/IT)/ B.C.Sc (Software Engineering) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်–
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (အခြားဌာနမှ ဝန်ထမ်းဖြစ်လျှင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။)
- (ဂ) ရေးဖြေ စာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုရမည်။
- (ဃ) ကျန်းမာရေး ကောင်းမွန်ရမည်။
- (င) အနည်းဆုံးလုပ်သက် (၅)နှစ် တစ်ဆက်တည်း တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ သတ်မှတ်လုပ်သက် (တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက လျော်ကြေးငွေအဖြစ် ၁၀၀၀၀၀၀/– (ကျပ် ဆယ်သိန်း) ပေးလျော်ရမည်။)

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည်–
- (က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်နှင့်အသက်
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်း
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်
- (စ) လျှောက်ထားလိုသည့်ရာထူး
- (ဆ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်
- (ဇ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်–
- (က) သက်ဆိုင်ရာကျောင်းမှ တက္ကသိုလ် ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် နှစ်အလိုက် အမှတ်စာရင်းမိတ္တူများကို ပူးတွဲတင်ပြရမည်။ (မူရင်းများအား လူတွေ့ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း။
- (ဂ) (၂) လ အတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
- (ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ဆရာဝန် ထောက်ခံချက်ဆေးလက်မှတ်မူရင်း။
- (င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရသည့်ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ နေပြည်တော်သို့ (၁၅–၂–၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်ထံလိပ်မူပြီး (၁၇–၂–၂၀၂၃) ရက်နေ့ အရောက်ပေးပို့ လျှောက်ထားရမည်။

၆။ လျှောက်လွှာတင်သွင်းလျှောက်ထားသူများ၏ ဖြေဆိုခွင့်ရရှိသူများစာရင်းကို (၂၀–၂–၂၀၂၃) ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးမည်။ အရည်အချင်းစစ်ဆေးရန်အတွက် ရေးဖြေစာမေးပွဲအား မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့အား အောက်ပါ နေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်များကို (၂၂–၂–၂၀၂၃)ရက်နေ့ ဝန်ထမ်းရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်–

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၂၃–၂–၂၀၂၃ (ကြာသပတေးနေ့) | နံနက်(၉:၀၀)နာရီမှ (၁၁:၀၀) နာရီ ထိ |
| (ခ) | အထွေထွေဗဟုသုတ | ၂၃–၂–၂၀၂၃ (ကြာသပတေးနေ့) | မွန်းလွဲ(၁၃:၀၀)နာရီမှ (၁၅:၀၀) နာရီ ထိ |

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို (၂၇–၂–၂၀၂၃)ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ( ၂၈–၂–၂၀၂၃ ) ရက်နေ့ နံနက်( ၉:၀၀)နာရီတွင် ပြုလုပ်မည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ Website ဖြစ်သော **www.uvs.edu.mm** နှင့် Facebook Page ဖြစ်သော **www.facebook.com/uvsyznmyanmar** မှ တစ်ဆင့် ကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ အချိန်မီရောက်ရှိခြင်း မရှိသော၊ အချက်အလက်ပြည့်စုံ မှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်–ရေဆင်း၊ ဝန်ထမ်းရေးရာဌာန၊ ဖုန်း–၀၆၇ ၃၄၁၆၆၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁–ခ)နှင့် (၅၁၉–က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကလီထော်အနောက် ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇)တွင် ရှိသော ညောင်နှစ်ပင်အထူးဇုန်(၁)၊ C–5လမ်း၊ M–7 နှင့် M–6 ကြား၊ အကွက်အမှတ်(A– ၇၂–D)ရှိ ဧရိယာအကျယ်အဝန်း(၅ဧက)(၁–ယူနစ်)ရှိ မြေကွက်အား မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မီမီကျော် [၉/မမန(နိုင်)၀၀၀၃၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆန်းဝင်း [၁၂/ဗဟန(နိုင်) ၀၄၆၉၇၀]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်လိုပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်နှင့် လုပ်ကိုင်ခွင့်အမည် ပြောင်းလဲခြင်းကိစ္စရပ်တို့အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဆန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြမဥ္ဇူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၇၃၈)**
**အမှတ်(၉/၁၁)၊ အခန်း–၃၀၂(F)၊ (၃၆)လမ်း(အောက်)ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉–၄၀၁၆၀၁၇၉၇၊ ၀၉–၇၉၅၅၅၉၅၈**

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# ကြော်ငြာစာအမှတ်(၁/၂၀၂၃)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် သို့ ၂၀-၂-၂၀၂၃ ရက် (တနင်္လာနေ့) (လျှောက်လွှာပိတ်ရက်)မတိုင်မီ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်း | အနိမ့်ဆုံး ပညာအရည်အချင်း | လစ်လပ်နေရာ ကျား | မ | ကျား/မ |
|---|---|---|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) (စီမံရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E | ၁ | | |
| (ခ) | ဘူမိဗေဒလက်ထောက်(၂) (စီမံရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology)(Q)(Hons;) | ၁ | | |
| (ဂ) | ဘူမိရူပဗေဒလက်ထောက်(၂) (ဘူမိရူပဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc(Geology)(Q)/(Hons;) B.Tech(EC/EP) | ၂ | | |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ထုတ်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E ( Petroleum/ EC/ EP) | ၄ | | |
| (င) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပိုက်လိုင်း) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (Mechanical/ Civil) | ၃ | | ၁ |
| (စ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ဆောက်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (Civil) | | | ၂ |
| (ဆ) | အငယ်တန်းအင်ဂျင်နီယာ(၂) (လျှပ်စစ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (EP) | ၁ | ၁ | |
| (ဇ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ဆက်သွယ်ရေး)/(IT) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (EC/IT) | | | ၂ |
| (ဈ) | စာရင်းကိုင်(၂) (ဘဏ္ဍာရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/ B.Act/B.Econ(Eco)/ B.Econ(Stats) | | | ၁၀ |
| (ည) | ဒု-ကြီးကြပ်ရေးမှူး (ပစ္စည်းစီမံ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E | | | ၁ |
| (ဋ) | ဒု-ကြီးကြပ်ရေးမှူး (စွမ်းအင်မူဝါဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ဘွဲ့ရ (မဟာတက်ရောက်ရန် အဆင့်မီ) | | | ၁ |
| (ဌ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ၅၃ | ၇ | ၂၃ |
| (ဍ) | စာရင်းကိုင်(၄) (ဘဏ္ဍာရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ+ (ဘဏ္ဍာရေးဆိုင်ရာ/ ကွန်ပျူတာလက်မှတ်) | | | ၂၀ |
| (ဎ) | စက်မှုကျွမ်းကျင်(၄) (တူးဖော်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၁၇ | | |
| (ဏ) | စက်မှုကျွမ်းကျင်(၄) (ထုတ်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (EP/EC/MP) | ၂၃ | ၂ | |
| (တ) | စက်မှုကျွမ်းကျင်(၄) (စက်မှု) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၄ | | |
| (ထ) | စက်မှုကျွမ်းကျင်(၄) (ဆောက်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (Civil) | | | ၁၀ |
| (ဒ) | လျှပ်စစ်ကျွမ်းကျင်(၄)(ဖြန့်) (လျှပ်စစ်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (EP) | ၁ | | |
| (ဓ) | စက်မှုကျွမ်းကျင်(၄) (စက်ပြင်)(သယ်ပို့စက်ပြင်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (MP/ MT/ CNC ) | ၃ | | |
| (န) | စက်မှုကျွမ်းကျင်(၄) (ဆက်သွယ်ရေး)/(IT) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (EC/ IT) | | | ၄ |
| (ပ) | အီလက်ထရောနစ် ကျွမ်းကျင် (၅) (ဘူမိရူပဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၂ | | |
| (ဖ) | စက်မှုကျွမ်းကျင်(၅) (တူးဖော်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS/ ITC | ၄ | | |
| (ဗ) | စက်မှုကျွမ်းကျင်(၅) (သယ်ပို့စက်ပြင်) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၂ | | |
| (ဘ) | စက်မောင်း(၅) (ထုတ်လုပ်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၁၄ | | |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၁-၂၀၂၃ နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀) နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဂ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် (သို့မဟုတ်) အခြေခံပညာ အထက်တန်းအောင် လက်မှတ် မိတ္တူမှန်

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်

(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ် ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက် မူရင်း

(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)

မှတ်ချက်။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့် အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ်(က)မှ(င)ထိ မိတ္တူမှန်များ၏မူရင်းများကို တင်ပြရပါမည်။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို(လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ၁၁-၃-၂၀၂၃ရက် (စနေနေ့)နှင့် ၁၂-၃-၂၀၂၃ ရက်(တနင်္ဂနွေနေ့)နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီထိ နေပြည်တော် အ-ထ-က(၇)တွင်ကျင်းပမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်ထားသူများမှ ဖြေဆိုရမည်ဖြစ်ပါသည်-

(က) လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၁၁-၃-၂၀၂၃ (စနေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

(ခ) လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၁၂-၃-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

၆။ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေ ဖြေဆိုရန်မလိုဘဲ လူတွေ့စစ်ဆေးခြင်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့်အချက်အလက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့် ရရှိသူအမည်စာရင်းအား ဖော်ပြပါ Website တွင် ကြိုတင် ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့် ကတ်ပြားများကို ၉-၃-၂၀၂၃ ရက်(ကြာသပတေးနေ့)၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ထုတ်ပေးသွားမည်ဖြစ်ရာ လူကိုယ်တိုင်လာရောက်ထုတ်ယူရပါမည်။

၈။ လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးနှင့် လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း၊ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကို လည်းကောင်း ဖော်ပြပါ Website တွင် ထုတ်ပြန် ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင် လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဖုန်းနံပါတ်- ၀၆၇-၃၄၁၁၃၃၇၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လျှောက်လွှာပုံစံ

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်။

ဓာတ်ပုံ
(၁.၁ x ၁.၃လက်မ)

စာဖြေဌာန ---------------

၁။ လျှောက်ထားသည့် ရာထူး/အမှတ်စဉ်

(က) ---------------------------------------------

(ခ) ---------------------------------------------

(လစာနှုန်းတူ ရာထူး ၂ နေရာလျှောက်ထားနိုင်သည်)

၂။ လျှောက်ထားသူ

(က) အမည် ---------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

(ဂ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်) ---------------------------------------------
(ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်)

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ---------------------------------------------

(င) ပညာအရည်အချင်း/ခုနှစ် ---------------------------------------------

(စ) နေရပ်လိပ်စာ အပြည့်အစုံ ---------------------------------------------
ဖုန်းအမှတ် ---------------------------------------------

(ဆ) လက်ရှိအလုပ်အကိုင်(နိုင်ငံ့ဝန်ထမ်းများအတွက်) ---------------------------------------------
ရာထူး၊ ဌာန၊ လစာနှုန်း ---------------------------------------------

(ဇ) ဖခင်အမည် ---------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------
အလုပ်အကိုင် ---------------------------------------------

(ဈ) အမိအမည် ---------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------
အလုပ်အကိုင် ---------------------------------------------

(ည) အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်းအမည် ---------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------
အလုပ်အကိုင် ---------------------------------------------

(ဋ) လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင်များ ---------------------------------------------
(နုတ်ထွက်ပြောင်းရွှေ့ခဲ့လျှင် အကြောင်းပြချက်ဖော်ပြရန်)

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း(မိတ္တူ)များ ပူးတွဲတင်ပြပါသည်-

(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်)အခြေခံပညာ အထက်တန်းအောင် လက်မှတ် မိတ္တူမှန်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်း ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်

(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါ က သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း

(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)

၄။ အလုပ်ခန့်ထားခြင်းခံရပါက အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ဒေသမရွေး သွားရောက် တာဝန် ထမ်းဆောင်နိုင်ပါသည်။

၅။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။

လက်မှတ် ------------------
အမည် ------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------
ဖုန်းနံပါတ် ------------------

**အမိမြေ**
ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)
မြေကွက်များဝယ်လိုသည်။
09-73228881

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အရှေ့ပိုင်း
တောင်ပိုင်း၊ မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

**STAR**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

ဒဂုံမြို့သစ်တောင်ပိုင်း၊
မြောက်ပိုင်း၊ အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်များရှိ
မြေကွက်များ ဝယ်လိုသည်
ပိုင်ရှင်ကိုယ်တိုင်
ဆက်သွယ်ပါ။
09260664480
09260664490

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၊ မြေကွက်အမှတ်-၅၂၈/ခ၊ မြေကွက် တည်နေရာအမှတ် ၅၂၈/ခ၊ ပုလဲငွေရောင် ၂ လမ်း၊ ၅၃ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်စန်းဦး (KMDE-၀၀၀၉၈၆) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ဂရန်နှင့် ပါမစ်အမည်ပေါက် ဒေါ်စန်းဦး (KMDE-000986) မှ ပါမစ်မူရင်း မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)မှ ချေးငွေ အကျေပေးဆပ်ပြီးကြောင်း ထောက်ခံချက်များတင်ပြ၍ ပါမစ်နှင့်ဂရန်လဲလှယ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ၂ ထပ် အုတ်ညှပ်အဆောက်အဦ တစ်လုံး ဆောက်လုပ်ထားပြီး လျှောက်ထားသူ မိသားစုနေထိုင်ပါသည်။ ကွင်းဆင်းစစ်ဆေးခြင်းအား ဒေါ်စန်းဦး၏ ခင်ပွန်း ဦးကွန်းမော်ကြည်မှ သိရှိကြောင်း လက်မှတ်ရေးထိုးပါသဖြင့် ပါမစ်မူရင်းနှင့် နှစ် ၆၀ မြေငှား ဂရန်လဲလှယ်ခွင့် လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

**သွေးသည် အသက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီ
### အသက်(၉၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့(အနောက်ပိုင်း)၊ လူးထရပ်နေ (ဦးသိန်းဖေ)၏ ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး(ငြိမ်း)ဦးမြင့်လှိုင်-ဒေါ်ခင်သန့်စင်တို့၏ မိခင်ဖြစ်သူ ဒေါ်ရီ အသက်(၉၇)နှစ်သည် ၃၀-၁-၂၀၂၃ ရက် နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ရီနှင့် ဇနီး ဒေါ်ခင်မေစိုး**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီ
### အသက် (၉၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့(အနောက်ပိုင်း)၊ လူးထရပ်နေ (ဦးသိန်းဖေ)၏ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး(ငြိမ်း) ဦးမြင့်လှိုင်-ဒေါ်ခင်သန့်စင်တို့၏ မိခင်ဖြစ်သူ ဒေါ်ရီ အသက်(၉၇)နှစ်သည် ၃၀-၁-၂၀၂၃ ရက် နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးမြင့် (ပခုက္ကူ)
**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**B.Sc Engg (1964 batch)**
### အသက်(၈၁)နှစ်

အမှတ်(၆၀၀)၊ ရွှေနှင်းဆီကန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးအောင်ခိုင်-ဒေါ်ကြည်)တို့၏သား၊ (ဦးဘသင်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဗိုလ်ကြီး ဒေါ်နီနီ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ မောင်မောင်ဇော်လတ်- ဒေါက်တာမြတ်နီလာစိုး၊ ဦးရဲမြတ်စိုး-ဒေါ်ဖူးပွင့်စိုး၊ ဒေါ်သီတာမြတ်စိုး(ခ)သဲသဲ၊ ဒေါ်အိအိသက်၊ ဦးကျော်မြတ်စိုးတို့၏ ဖခင်၊ မကန်ဒြာမောင်၊ မောင်သုတထွန်းတို့၏ ချစ်လှစွာသောအဘိုးသည် ၃၁-၁-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၀:၃၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီ
### အသက်(၉၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့(အနောက်ပိုင်း)၊ လူးထရပ်နေ (ဦးသိန်းဖေ)၏ ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးမြင့်လှိုင်-ဒေါ်ခင်သန့်စင်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဖြူ-(ဒေါ်နန်းမို့မို့)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး ဒေါ်ရီသည် ၃၀-၁-၂၀၂၃ (တနင်္လာနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံးမိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ရီ(ဖြူးမြို့)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၄၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၇၈၇/ခ) နေ [ဦးအုန်း-ဒေါ်ဖွားရှင်(ဖြူးမြို့)]တို့၏သမီး၊ [ဦးလတ်-ဒေါ်ပိုက်မိ(မန္တလေး)] တို့၏သမီးချွေးမ၊ [ဦးသန်းညွန့် (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးလှမင်း၊ ဦးအောင်ခိုင်၊ (ဦးသက်ခိုင်)၊ ဦးစိုးနိုင်၊ (ဦးအောင်ထူး) တို့၏ မိခင်၊ မြေး ကိုးယောက်တို့၏ အဘွားသည် ၂၉-၁-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၂၃ (စနေနေ့) နံက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်အေး(ဖျာပုံ)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၃၆၈-က)နေ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစောလင်းခိုင်-ဒေါ်ခင်နီနီအေး၊ ဦးသူရအေး-ဒေါ်စန်းစန်းယု၊ (ဒေါ်ဝါဝါအေး)တို့၏ ဖခင်ကြီး၊ မောင်ဇေယျာထွန်း-မလင်းလက်ကြည်၊ မောင်အောင်ခန့်မိုး၊ မလမင်းအိမ်တို့၏အဘိုး ဦးတင်အေး(ဖျာပုံ)သည် ၃၁-၁-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ၂-၂-၂၀၂၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၂၃ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီ
### အသက်(၉၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့(အနောက်ပိုင်း)၊ လူးထရပ်နေ (ဦးသိန်းဖေ)၏ ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးမြင့်လှိုင်-ဒေါ်ခင်သန့်စင်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်ဖြူ-(ဒေါ်နန်းမို့မို့) တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး ဒေါ်ရီသည် ၃၀-၁-၂၀၂၃ (တနင်္လာနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်) ဇနီး ဒေါက်တာငွေငွေစိုးနှင့်**
**စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစု**

## ဦးမောင်မောင်လေး(Patric Saw)
**(မေမြို့ St.Albert ကျောင်းသားဟောင်း)**
**(သမိုင်းကောလိပ်၊ ကွန်ပျူတာဌာန)**
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်(၈၇) တတိယထပ်၊ ဗိုလ်ချုပ်လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးစောမောင်-ဒေါ်ကြင်ကြင်)တို့၏ စတုတ္ထသား၊ (ဦးလင်းကြည်-ဒေါ်သောင်းရွှေ) တို့၏ သားသမက်၊ ဒေါ်မိမိမော်၏ ခင်ပွန်း၊ ဒေါက်တာ မြင့်သောင်း-ဒေါ်သီသီစိုး(ခ)ဒေါ်သဇင်၏ ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး ဦးမောင်မောင်လေးသည် ၃၁-၁-၂၀၂၃ (အင်္ဂါနေ့) နံနက် ၆:၃၀ နာရီတွင် ရန်ကုန်မြို့ အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းခြင်း
## ဦးဘသန်း(ခ) သလ္လာမြေမောင်သန်းနီ
**ဓမ္မဉာဏဇရိပ်သာ၏ တာဝန်ခံ တရားပြဆရာကြီး**
**အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)**
### အသက်(၈၂)နှစ်

မုံရွာမြို့နေ ဒေါ်ရွှေ၏ခင်ပွန်း တရားပြဆရာကြီး ဦးဘသန်း(ခ)ကဗျာဆရာ သလ္လာမြေမောင်သန်းနီသည် ၂၉-၁-၂၀၂၃ ရက်တွင် ကွယ်လွန်ခဲ့ပြီး ၃၀-၁-၂၀၂၃ ရက်တွင် မုံရွာမြို့ ဆားကျင်းသုသာန်၌ သဂြိုဟ်ပြီးစီးသွားပြီဖြစ်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြရပါသည်။

**နာယကကြီး၊ တရားပြ ဆရာ၊ ဆရာမများ**
**ရိပ်သာအသီးသီးမှဂေါပကများ၊ ယောဂီဟောင်းများ**
**အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေကွက်၊ ၁၀၁-လမ်း၊ အမှတ်(၁၉)၊ မြေညီထပ် မျက်နှာမူလျက် (ညာ)ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ **ဦးအေးထွန်း [၁၁/စတန(နိုင်)၀၅၄၉၆၆]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**
**B.Sc, Hon(IC), HGP,R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးသိန်း
### အသက်(၇၀)

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ စိန်ပန်းရပ်ကွက်၊ လမ်းမတော်လမ်းနေ (ဦးသိန်းကော့ကျန်-ဒေါ်တင်ကြည်)တို့၏ဒုတိယသား၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အာဇာနည်လမ်းနေ (ဦးမောင်ဟန်)-ဒေါ်တင်မြတို့၏ သားသမက်၊ (ဦးတင်ဝင်း)-ဒေါ်ထွေးလေးတို့၏ ညီ၊ ဦးတင်မောင်မြင့်၊ ဦးလှထွန်း-ဒေါ်အိအိအောင်၊ ဒေါ်ကြင်မြိုင်၊ ဒေါ်ကြင်ဆန်း၊ ဒေါက်တာသီတာစန်း (ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန) တို့၏ အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ ဦးကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (၁)လမ်း၊ အမှတ် (၃၄)နေ ဒေါ်ခင်မိုးကြည်၏ ခင်ပွန်း၊ မောင်ကောင်းစည်သူ၊ မအိစန္ဒာမျိုးတို့၏ ချစ်လှစွာသောဖခင်သည် ၃၀-၁-၂၀၂၃ ရက် နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၃ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ် ဂူသွင်းမည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၂၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည် ဖြစ်ပါသဖြင့် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ခင်ပု
### အသက်(၉၆)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာဉာဏ်ထွန်းဦး၏မိခင် ဒေါ်ခင်ပုသည် ၃၀-၁-၂၀၂၃ (တနင်္လာနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၂-လမ်း၊ အမှတ်(၂၀)၊ မြေညီထပ် မျက်နှာမူလျက် (ညာ)ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့်စပ်လျဉ်းပြီး အများသိစေရန်

အဆိုပါ တိုက်ခန်းကို ၂၀၁၉-ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် မူလပိုင်ရှင်ဖြစ်သူထံက ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးမာတာမိန်း**မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်းနှင့် **ဦးမာတာမိန်း** တစ်ဦးတည်းသာလျှင် အဆိုပါတိုက်ခန်းကို ကိုယ်တိုင်လွှဲပြောင်းရောင်းချ ငှားရမ်းခွင့် စီမံခန့်ခွဲခွင့်ရှိပါကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ရေးဆိုင်ခွင့်၊ အကျိုးခံစားခွင့်လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**
**B.Sc, Hon(IC), HGP,R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## ဒေါ်အမာ(ခ)ဒေါ်စိန်မြင့်၊ ဦးအုန်းခိုင်၊ ဒေါ်လှသိန်း၊ ဒေါ်ခင်လှမေ ဦးဇော်ဝင်း တို့ (ယခုလိပ်စာမသိ) သိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄စီ၂)၊ လူနေရပ်ကွက်အမှတ်(S-ရ၁)၊ မြေကွက်အမှတ်- Vရ၃၊ ဧရိယာ (၀.၀၅၉)ဧကရှိ နှစ် ၉၀ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို လူကြီးမင်းတို့မှ ဦးမင်းသန့် (၁၂/ဗဟန(နိုင်)၀၉၀၈၉၇)သို့ ရောင်းချထားခဲ့ပြီး ယခု အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရန် လူကြီးမင်းတို့မှ (၆-၂-၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီး သက်ဆိုင်ရာရုံးများတွင်ဆောင်ရွက်ပေးရန်နှင့် သတ်မှတ်ရက်အတွင်း လူကြီးမင်းတို့က ဆောင်ရွက်ပေးခြင်းမရှိပါက သက်ဆိုင်ရာရုံးများသို့ ဦးမင်းသန့်မှ လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

ဦးမင်းသန့်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးစောတာကပေါ် (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂၄

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လူနေရပ်ကွက်အမှတ်- မြယမုန်စမ်းရိပ်မြိုင်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၆၊ မြေကွက်အမှတ်- ၁၆၄၊ ဧရိယာ- ၀. ၁၉၀ (၈၂၆၉ စတုရန်းပေ) ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၆) ရပ်ကွက်၊ မြယမုံစမ်းရိပ်မြိုင်အဆင့်မြင့်အိမ်ရာ၊ ခြံအမှတ်- ၁၂၉ ဟုခေါ်တွင်သော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍ တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးအောင်မြင့် (၁၂/ဗတထ (နိုင်) ၀၀၀၂၅၆) နှင့် ဒေါ်တင်ကြည် (၁၂/ဗတထ (နိုင်) ၀၀၀၂၅၇) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချော ပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၇/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



# တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ☆**

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊
ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) အား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ် ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## မုန်တိုင်းငယ် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၇၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၇၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့ဘက် ရေမိုင် ၁၃၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ကာရိုင်ကယ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

**မိုး/ဇလ**

**ယနေ့ ဖတ်စရာ**

**ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုး ယခုနှစ် ဇန်နဝါရီလ အတွင်း ၂၅ ရာခိုင်နှုန်း ကျဆင်း**



စာမျက်နှာ » ၁၃

**အခန်းဆက် ဝတ္ထုရှည်**




စာမျက်နှာ » ၁၈

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၀ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဆိုသည်။

(ခ) **ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ကော်မရှင်က ဖွဲ့စည်းထားသော အောက်ပါ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့ကိုဆိုသည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၂) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊

(၄) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၅) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

(ဂ) **ကော်မရှင်ရုံး** ဆိုသည်မှာ ကော်မရှင်၏လုပ်ငန်းများကို အထောက်အကူပြုရန် ဖွဲ့စည်းထား သောရုံးကိုဆိုသည်။

## အခန်း( ၂ )
## နိုင်ငံရေးပါတီတည်ထောင်ခြင်း

၃။ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)အရ ပါတီတည်ထောင်လိုသူအနည်းဆုံး ၁၅ ဦးသည် ဥပဒေနှင့်အညီ ပါတီ တည်ထောင်ခွင့်ပြုရန် ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ပုံစံ(က)နှစ်စုံဖြင့် လျှောက်ထားရမည့်အပြင် ပါတီတည်ထောင်လိုသူတစ်ဦးချင်းက ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သူဖြစ်ကြောင်းနှင့် ဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များကိုလည်း စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဝန်ခံချက်များကို ပူးတွဲတင်ပြရမည်။

၄။ (က) ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားသော လျှောက်လွှာကို ပုံစံ (က)ပါ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခံရသူကိုယ်တိုင် ကော်မရှင်သို့ လာရောက်တင်သွင်းရမည်။

(ခ) ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို သတ်မှတ်ထားသောပုံစံဖြင့် လျှောက်လွှာ တင်သွင်းသူသို့ ထုတ်ပေးရမည်။

(ဂ) ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာပါအချက်များကို စိစစ်ပြီး မိမိ၏တွေ့ရှိချက်များနှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

၅။ ကော်မရှင်သည် နည်းဥပဒေ ၃ အရ လျှောက်ထားသော လျှောက်လွှာပါအချက်များကို စိစစ်၍ -

(က) ဥပဒေနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက ပါတီတည်ထောင်ခွင့်ပြုကြောင်းကို ပုံစံ(ခ)ဖြင့် အကြောင်း ပြန်ကြားရမည်။

(ခ) ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်အား ငြင်းပယ်ကြောင်းကို ပုံစံ(ဂ)ဖြင့် အကြောင်းပြန်ကြားရမည်။

၆။ နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)အရ ပါတီတည်ထောင်ခွင့်ပြုရန် ခွင့်ပြုချက်ရရှိသူများသည် မိမိတို့ အနက်မှ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့ကို ရွေးချယ်ပြီး ကော်မရှင်သို့ ပုံစံ(ဃ)ဖြင့် တင်ပြရမည်။

၇။ နည်းဥပဒေ ၆ အရ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့သည် နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)အရ ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း မိမိတို့တည်ထောင် လိုသောပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် ပုံစံ(င)နှစ်စုံဖြင့် ကော်မရှင်သို့ လျှောက်ထားရမည်။ သတ်မှတ်ရက်အတွင်း လျှောက်ထားခြင်းမရှိပါက နည်းဥပဒေ ၅ နည်းဥပဒေခွဲ (က)ပါ ခွင့်ပြုချက်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားရာတွင် -

(က) လျှောက်လွှာကို ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ ကိုယ်တိုင်လာရောက် တင်သွင်းရမည်။

(ခ) မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

၈။ ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဥပဒေစတင်ပြဋ္ဌာန်းသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ကြေး ထပ်မံပေးသွင်းခြင်းမှအပ ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက် များအတိုင်း ပုံစံ(င-၁) နှစ်စုံဖြင့် ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခွင့်ရှိသည်။ အဆိုပါသတ်မှတ်ရက်အတွင်း လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ် ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း ( ၃ )
## မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်း

၉။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဥပဒေပုဒ်မ ၅၊ နည်းဥပဒေ ၇ သို့မဟုတ် နည်းဥပဒေ ၈ အရ လျှောက်ထားလာသည့်အခါ ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို သတ်မှတ် ထားသောပုံစံဖြင့် လျှောက်လွှာတင်သွင်းသူသို့ ထုတ်ပေးရမည်။

၁၀။ နည်းဥပဒေ ၉ အရ ဆောင်ရွက်ပြီးနောက် ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာပါအချက်များကို စိစစ်ပြီး မိမိ၏တွေ့ရှိချက်များနှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

၁၁။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခွင့် ပြု မပြု ဆုံးဖြတ်နိုင်ရန် လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းတောင်းခံ စစ်ဆေးခြင်းများ ပြုနိုင်သည်။

၁၂။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်လျှောက်လွှာကို ဥပဒေနှင့် အညီ စစ်ဆေးပြီးနောက် -

(က) ဥပဒေနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရမည်။ ယင်းသို့ မှတ်ပုံတင်ခွင့်ပြုကြောင်းကို ပုံစံ(စ)ဖြင့် အကြောင်းပြန်ကြားရမည်။

(ခ) ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ် ရမည်။ ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်းကို ပုံစံ(ဆ)ဖြင့် အကြောင်းပြန်ကြားရမည်။

၁၃။ (က) နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ(က)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(စ)ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး **၁၀၀၀၀၀** ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီဖြစ်ပါ က ပါတီဝင်ဦးရေ အနည်းဆုံး **၁၀၀၀** ကိုလည်းကောင်း ပြည့်မီအောင် စည်းရုံးရမည်ဖြစ်ပြီး မိမိတို့စည်းရုံးရရှိထားသည့် သတ်မှတ်ပါတီဝင်ဦးရေပြည့်မီသော အင်အားစာရင်းကို မြို့နယ် အလိုက် စုစည်း၍ ပုံစံ(ဇ)နှစ်စုံပြုစုပြီး ကော်မရှင်နှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ တင်ပြရမည်။

(ခ) ပါတီတစ်ခုသည် နည်းဥပဒေခွဲ(က)အရ မူလသတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်ဦးရေအောက် လျော့နည်းသွားပါက ကော်မရှင်သို့ ပုံစံ(ဇ-၁)ဖြင့် ဆောလျင်စွာ တင်ပြရမည်။ ထိုသို့ တင်ပြသည့် နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ဦးရေကို ပြည့်မီအောင် စည်းရုံးပြီး ပြန်လည်တင်ပြရမည်။

(ဂ) စည်းရုံးရရှိထားသော ပါတီဝင်အင်အားစာရင်းများကို ကော်မရှင်နှင့် သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လစဉ်ပြုစုပေးပို့ရမည်။

(ဃ) ပါတီတစ်ခုသည် နည်းဥပဒေခွဲ(ခ)ပါအတိုင်း သတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်အင်အားကို ပြည့်မီအောင် ထပ်မံစည်းရုံးတင်ပြခြင်းမပြုနိုင်လျှင် ကော်မရှင်က ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြု ခဲ့ခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

၁၄။ (က) ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(က)အရ ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို တင်ပြရာတွင် ဘာသာ၊ သာသနာနှင့် ယှက်နွယ်သော သို့မဟုတ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသော အမည်၊ အမှတ်အသား သို့မဟုတ် သင်္ကေတကို အသုံးမပြုရ။

(ခ) ပါတီတစ်ခု၏ အလံနှင့် တံဆိပ်တို့တွင် နိုင်ငံတော်အလံနှင့် တံဆိပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အလံနှင့် တံဆိပ်၊ နိုင်ငံတော်က အသိအမှတ်ပြုထားသော အဖွဲ့အစည်းများ၏ အလံနှင့် တံဆိပ်တို့ကို ထည့်သွင်း၍သော်လည်းကောင်း၊ တုပ၍သော်လည်းကောင်း အသုံးမပြုရ။

*အချပ်ပို (ခ) သို့*

*အချပ်ပို (က) မှ*

(ဂ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပါတီ၏အမည်၊ အလံနှင့် တံဆိပ်တို့သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားပြီးသော သို့မဟုတ် ဥပဒေပုဒ်မ ၅ အရ လျှောက်ထားပြီးသော အခြားပါတီတစ်ခု၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်နှင့် တူညီနေလျှင်လည်းကောင်း၊ ဆင်တူယိုးမှားဖြစ်နေလျှင်လည်းကောင်း ကွဲပြားစေရေးအတွက် ဆောင်ရွက်ရန် ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် လျှောက်လွှာကို ပယ်ရမည်။

(ဃ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကော်မရှင်က သင့်လျော်သည့်နည်းဖြင့် ကြော်ငြာရမည်။ ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်ခြင်းခံရပါက ယင်းပါတီ၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်ကို ပြင်ဆင်စေရန် ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကန့်ကွက်ခံရသောပါတီ၏ လျှောက်လွှာကို ပယ်ရမည်။

၁၅။ ပါတီတစ်ခုသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း ကော်မရှင်ကတွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ သြဇာခံယူခြင်းပြုသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

(ဆ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခံရခြင်း၊

(ဇ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဈ) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

(ည) ဥပဒေပုဒ်မ ၁၀ ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိသောသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ တမင်ထိမ်ချန်ထားခြင်း။

၁၆။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီတစ်ရပ်ရပ်သည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)၊ (၂) နှင့် (၃)တို့အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များ၌ မိမိပါတီကို ကိုယ်စားပြု၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊ ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁၀)ပါ သတ်မှတ်ချက်အတိုင်း ပါတီရုံးခန်းများ ဖွင့်လှစ်နိုင်မှုမရှိခြင်းတို့ကို တွေ့ရှိလျှင် ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်။

၁၇။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို နည်းဥပဒေ ၁၃၊ ၁၅ နှင့် ၁၆ တို့အရ ပယ်ဖျက်ပါက ယင်းပါတီကို နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းကြောင်း သက်ဆိုင်ရာပါတီသို့ ပုံစံ(ဈ)ဖြင့် အကြောင်းကြားရမည်။

၁၈။ ကော်မရှင်သည်လည်းကောင်း၊ ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည်လည်းကောင်း ပါတီများအား တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ကြစေရန် လိုအပ်သလို ကြီးကြပ်နိုင်သည်။

## အခန်း ( ၄ )
## ပါတီပိုင် ရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၁၉။ ပါတီတစ်ခုသည် ပါတီပိုင် ရန်ပုံငွေ၊ ငွေကြေးနှင့်ပစ္စည်းများ ထိန်းသိမ်းခြင်း နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည် –

(က) ပါတီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ပါတီ၏ ရငွေသုံးငွေများကို လည်းကောင်း ပြုစုထားသည့် ငွေစာရင်းစာအုပ်များ၊

(ခ) ပါတီက ဝယ်ယူရရှိထားသော ပစ္စည်းများကိုလည်းကောင်း၊ ပါတီသို့ လှူဒါန်းထားသော ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း စာရင်းရေးသွင်းမှတ်တမ်းတင်ထားသည့် မှတ်တမ်းစာအုပ်။

၂၀။ (က) ပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အပ်နှံသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) ကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပါတီများပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ရရှိပါက ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။

၂၁။ ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို မိမိပါတီအား ကိုယ်စားပြု၍ ရွေးကောက်ခံသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် ငွေကျပ်သိန်း ၁၅၀ အထိလည်းကောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် ငွေကျပ်သိန်း ၃၀၀ အထိလည်းကောင်း သုံးစွဲနိုင်သည်။ အဆိုပါ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း၏ တရားဝင်ရရှိသောငွေမှလည်းကောင်း၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေမှလည်းကောင်း ကျခံသုံးစွဲနိုင်သည်။ ယင်းအသုံးစရိတ်စာရင်းများကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်။

၂၂။ ပါတီတစ်ခုသည် မိမိ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်းစာရင်းစစ်ကော်မတီတစ်ရပ်ထားရှိစစ်ဆေးစေခြင်း၊ ပါတီစည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အတည်ပြုချက် ရယူခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ထားရှိရမည်။

၂၃။ ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် ကော်မရှင်က သို့မဟုတ် ကော်မရှင်၏ တာဝန်ပေးချက်ဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က စစ်ဆေးနိုင်သည်။ ယင်းသို့ စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်။

## အခန်း( ၅ )
## အထွေထွေ

၂၄။ ပါတီတစ်ခုသည် ယင်းပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ပါတီဖွဲ့စည်းပုံစည်းမျဉ်းကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်းပြုလျှင်သော်လည်းကောင်း၊ နိုင်ငံရေးဝါဒသဘောတရားကို ပြင်ဆင်လျှင်သော်လည်းကောင်း အဆိုပါပြင်ဆင်ချက်များကို ကော်မရှင်သို့ တင်ပြရမည်။ ယင်းတင်ပြချက်များကို ကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်၍ ခွင့်ပြုပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်နိုင်သည်။

၂၅။ ကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောပါတီများ ပူးပေါင်းလျက် ပါတီတစ်ခုတည်းအဖြစ် တည်ထောင်ဖွဲ့စည်းပြီး မှတ်ပုံတင်လိုပါက –

(က) သက်ဆိုင်ရာ ပါတီအသီးသီး၏ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများကိုယ်တိုင် လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ ပါတီပူးပေါင်းခွင့် တင်ပြလျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ(က)ပါ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် –

(၁) ပါတီများပူးပေါင်းရန် သဘောတူဆုံးဖြတ်ထားသည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများ၊

(၂) ပါတီတစ်ခုတည်းအဖြစ် ပူးပေါင်း၍ မှတ်ပုံတင်ခွင့်ရရှိပါက သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများအားလုံးသည် ပူးပေါင်းတည်ထောင်သည့် ပါတီ၏ ပါတီပိုင်ပစ္စည်းများ ဖြစ်စေရမည်ဟူသော ဝန်ခံချက်များ။

(ဂ) နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို ခွင့်ပြုကြောင်း ကော်မရှင်၏ အကြောင်းပြန်ကြားချက်ကိုရရှိပါက ပူးပေါင်းဖွဲ့စည်း မှတ်ပုံတင်မည့်ပါတီသည် ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့် ထပ်မံလျှောက်ထားရမည်။ ပူးပေါင်းမည့်ပါတီများသည် ပါတီအမည်အသစ်ဖြင့် မှတ်ပုံတင်ခွင့်လျှောက်ထားပါက နည်းဥပဒေ ၇ နည်းဥပဒေခွဲ(ခ)ပါ မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကို ထပ်မံပေးသွင်းရမည်။ ပူးပေါင်းမည့် ပါတီများသည် မူလပါတီတစ်ခုခု၏အမည်ဖြင့်သာ ဆက်လက် မှတ်ပုံတင်ခွင့် လျှောက်ထားပါက မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်း ကို ထပ်မံပေးသွင်းရန်မလိုပါ။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ လျှောက်ထားချက်ကို ကော်မရှင်ကစိစစ်ပြီး လျှောက်ထားသည့်အတိုင်း ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်အခါ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ ယခင်မှတ်ပုံတင်ထားခြင်းကို အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပါတီများပူးပေါင်းဖွဲ့စည်း မှတ်ပုံတင်သည့်ကိစ္စတွင် ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။

(စ) နည်းဥပဒေခွဲ(ဃ)အရ အလိုအလျောက်ပယ်ဖျက်လိုက်သည့် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် ယင်းတို့ ပူးပေါင်းဖွဲ့စည်းမှတ်ပုံတင်လိုက်သည့် နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။

၂၆။ ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီအဖြစ် မှတ်ပုံတင်ထားပြီးမှ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီအဖြစ် ပြောင်းလဲမှတ်ပုံတင်လိုလျှင်ဖြစ်စေ၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီအဖြစ် မှတ်ပုံတင်ထားပြီးမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီအဖြစ် ပြောင်းလဲမှတ်ပုံတင်လိုလျှင်ဖြစ်စေ ယင်းပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ပုံစံ(င)နှစ်စုံပူးတွဲ၍ ကော်မရှင်သို့ တင်ပြလျှောက်ထားနိုင်သည်။ ကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက ယင်းပါတီသည် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၂၇။ ကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း၊ မှတ်ပုံတင်စာရင်းမှပယ်ဖျက်ပြီး နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း ကြေညာချက်ထုတ်ပြန်ရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

၂၈။ ကော်မရှင်သည်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည်လည်းကောင်း နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကို အခါအားလျော်စွာခေါ်ယူ၍ တွေ့ဆုံဆွေးနွေးခြင်း၊ ညွှန်ကြားခြင်းများ ပြုနိုင်သည်။

၂၉။ ဤနည်းဥပဒေများအရ ဆောင်ရွက်ရန် နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်သောနေ့ရက်သည် အများပြည်သူရုံးပိတ်ရက်ဖြစ်ပါက ရုံးပြန်ဖွင့်သည့်နေ့တွင် ယင်းကိစ္စကို နောက်ဆုံးနေ့ရက်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၃၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၇ – ၃ –၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၀ ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပုံစံ ( က )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီတစ်ခု တည်ထောင်လိုကြောင်း လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မတို့သည် ------------------ ပါတီကို တည်ထောင်ရန် ဆန္ဒတူညီကြသဖြင့် တည်ထောင်ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော် / ကျွန်မတို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ ပါ အချက်များနှင့် ကိုက်ညီသူများဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၆ ပါ အချက်များကိုလည်း စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၃။ ဤလျှောက်လွှာနှင့်အတူ ပါတီတည်ထောင်လိုသူ တစ်ဦးချင်းစီ၏ ဝန်ခံချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၄။ ကော်မရှင်ကဆက်သွယ်ဆောင်ရွက်ရန် ကိစ္စရပ်များရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန် အမှတ်စဉ် ---------- ပါ ဦး/ဒေါ် -------------------- ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

ပါတီတည်ထောင်လိုသူများ

(၁) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၂) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၃) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၄) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၅) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၆) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၇) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၈) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၉) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၁၀) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၁၁) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၁၂) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၁၃) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၁၄) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

(၁၅) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ ----------------
----------------

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုတည်ထောင်လိုကြောင်းလျှောက်ထားလွှာကိုလက်ခံရရှိခြင်း**

ဦး/ဒေါ် ------------------------------ ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော ---------------------------------------------ပါတီ တည်ထောင်လိုသူ (  )ဦးက နိုင်ငံရေးပါတီတစ်ခု တည်ထောင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာကို ----------------ရက်နေ့ ------နာရီတွင် လက်ခံရရှိသဖြင့် ကော်မရှင်ရုံးတွင် အမှတ်စဉ် ------ ဖြင့် ထိန်းသိမ်းထားရှိပါသည်။

လျှောက်လွှာပေးအပ်သူ (ရုံးတံဆိပ်) လျှောက်လွှာလက်ခံသူ

အမည်၊ ----------------------- အမည်၊ --------------------------------
တာဝန်၊ ---------------------- ရာထူး/တာဝန်၊ ----------------------
----------------------- ပါတီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုတည်ထောင်လိုကြောင်းလျှောက်ထားလွှာကိုလက်ခံရရှိခြင်း**

ဦး/ဒေါ် ------------------------------ ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော -----------------------------------------------------ပါတီ တည်ထောင်လိုသူ (  )ဦးက နိုင်ငံရေးပါတီတစ်ခု တည်ထောင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာကို ----------------ရက်နေ့ ----------နာရီတွင် လက်ခံရရှိသဖြင့် ကော်မရှင်ရုံးတွင် အမှတ်စဉ် -----ဖြင့် ထိန်းသိမ်းထားရှိပါသည်။

လျှောက်လွှာပေးအပ်သူ (ရုံးတံဆိပ်) လျှောက်လွှာလက်ခံသူ

အမည်၊ -------------------- အမည်၊ --------------------------------
တာဝန်၊ ------------------- ရာထူး/တာဝန်၊ ------------------------
------------------------ ပါတီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

[ ပုံစံ(က)၏ ပူးတွဲ ]

**ပါတီတည်ထောင်လိုသူ၏ဝန်ခံချက်**

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ် ---------------- အဘ -------------၏ သား/သမီး ------------------------(မွေးသက္ကရာဇ်)------------(အလုပ်အကိုင်) ------------ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်---------------------- ကိုင်ဆောင်ထားသူသည် -----------ပြည်နယ်/တိုင်း ------------ခရိုင်၊ --------------မြို့နယ်၊ ------- ရပ်ကွက်၊ -------------- လမ်း၊ အိမ်အမှတ်------------- /အိမ်အမှတ် ---၊ ------- လမ်း၊--------------ရွာ၊---------------- ကျေးရွာအုပ်စုတွင် နေထိုင်သူဖြစ်ပါသည်။

**ရှင်းလင်းချက်။** မိမိအမှန်တကယ် ကိုင်ဆောင်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုသာ ဖော်ပြရမည့်အပြင် ယင်းသက်သေခံလက်မှတ်၏ မိတ္တူမှန်ကိုပါ ပူးတွဲတင်ပြရမည်။

၂။ ကျွန်တော်/ကျွန်မသည် -------------- ပါတီကို တည်ထောင်၍ စည်းရုံးရန် ဆန္ဒတူညီလိုလားသူတစ်ဦး ဖြစ်ပါသည်။

၃။ ကျွန်တော်/ကျွန်မသည် အောက်တွင်ဖော်ပြထားသော ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူဖြစ်ပါသည် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူတစ်ဦး ဖြစ်ပါသည်။
(ခ) အသက်၂၅နှစ်ပြည့်ပြီးသူဖြစ်ပါသည်။
(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ပါ။
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါ။
(င) ထောင်ဒဏ်ကျခံနေရသူမဟုတ်ပါ။
(စ) နိုင်ငံတော်အားလက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သောအဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ပါ။
(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းသူ မဟုတ်ပါ။
(ဇ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ မဟုတ်ပါ။

၄။ ထို့ပြင် ကျွန်တော်/ကျွန်မသည် အောက်တွင်ဖော်ပြထားသော ဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များကိုလည်း စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။
(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။
(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါမည်။
(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ပါ။
(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုလုပ်ပါ။
(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ သြဇာခံယူခြင်း မပြုပါ။

၅။ ကျွန်တော်/ကျွန်မသည် ယခုတည်ထောင်ရန် လျှောက်ထားသည့် ပါတီတစ်ခုတည်း၌သာ ပါတီဝင်အဖြစ် ပါဝင်မည်ဖြစ်ပါသည်။

၆။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်းဝန်ခံပါသည်။

လက်မှတ်၊ -----------------
အမည်၊ --------------------

ပုံစံ ( ခ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

စာအမှတ်၊
ရက်စွဲ ၊ ခုနှစ်၊ လ ရက်

သို့
ဦး/ဒေါ်---------------
----------------------ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်

အကြောင်းအရာ။ ------------------- **ပါတီတည်ထောင်ရန် ခွင့်ပြုကြောင်း အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ လူကြီးမင်း၏------------ရက်စွဲပါစာအမှတ်၊ ---------- ဖြင့် ပေးပို့သော လျှောက်ထားချက်

၁။ ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လူကြီးမင်းလျှောက်ထားသော ------------ ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

၂။ ပါတီတည်ထောင်သည့်အခါ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၆ နှင့်အညီ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့ကို အမြန်ဆုံးရွေးချယ်ပြီး ဤကော်မရှင်သို့ ပုံစံ(ဃ)ဖြင့် လာရောက်တင်ပြရမည်။

၄။ ထို့နောက် နည်းဥပဒေ ၇ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် ပုံစံ(င)ဖြင့် အပိုမိတ္တူတစ်စုံကိုပါပူးတွဲ၍ ကော်မရှင်သို့ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိတ္တူကို
- ရုံးလက်ခံ

*အချပ်ပို (ဃ) သို့*

*အချပ်ပို (ဂ) မှ*

ပုံစံ (ဂ)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

သို့
ဦး/ဒေါ် ----------------------
-----------------------ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်

အကြောင်းအရာ။ **---------------------------- ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်အား ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ လူကြီးမင်း၏------------ ရက်စွဲပါစာအမှတ်၊ ---------- ဖြင့် ပေးပို့သော လျှောက်ထားချက်

ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လူကြီးမင်းလျှောက်ထားသော------------ ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ --------------- အရ ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ငြင်းပယ်ကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိတ္တူကို
- ရုံးလက်ခံ

ပုံစံ (ဃ)

သို့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ပါတီခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်ရွေးချယ်တင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊--------------------------

၁။ အထက်ရည်ညွှန်းပါစာဖြင့် တည်ထောင်ခွင့်ပြုခဲ့သော -------------- ပါတီသည် မူလလျှောက်ထားစဉ်ကပါဝင်သော အဖွဲ့ဝင်အားလုံးက ------------- ရက်နေ့တွင် အစည်းအဝေးပြုလုပ်၍ အောက်တွင်ဖော်ပြသော ပုဂ္ဂိုလ်နှစ်ဦးအား ပါတီ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်အဖြစ် အများသဘောတူ ရွေးချယ်ထားပါကြောင်း တင်ပြအပ်ပါသည်။အစည်းအဝေးတက်ရောက်သူများအားလုံး လက်မှတ်ရေးထိုးထားသော အစည်းအဝေးမှတ်တမ်းကိုလည်း ပူးတွဲတင်ပြအပ်ပါသည် -

(က) ခေါင်းဆောင်
(၁) အမည်၊ ---------------------------------------------
(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------
(၃) အဘအမည်၊ ----------------------------------------
(၄) နေရပ်လိပ်စာ၊ --------------------------------------

(ခ) ဒုတိယခေါင်းဆောင်
(၁) အမည်၊ ---------------------------------------------
(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------
(၃) အဘအမည်၊ ----------------------------------------
(၄) နေရပ်လိပ်စာ၊ --------------------------------------

၂။ အပိုဒ်(၁)ပါ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့၏ ထိုးမြဲလက်မှတ်နမူနာများကိုလည်း အသိအမှတ်ပြုနိုင်ရန် အောက်တွင်ဖော်ပြအပ်ပါသည် -

| | |
|---|---|
| (က) ခေါင်းဆောင် | (ခ) ဒုတိယခေါင်းဆောင် |
| လက်မှတ်၊ ----------------- | လက်မှတ်၊ ----------------- |
| ------------------ | ------------------ |
| ------------------ | ------------------ |

**မှတ်ချက်။** ကော်မရှင်ရှေ့မှောက်တွင် ကိုယ်တိုင်လာရောက်၍ လက်မှတ်နမူနာရေးထိုးရန် ဖြစ်ပါသည်။

ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်
----------------------------------------- ပါတီ

ပုံစံ (င)

သို့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊-----------------------------

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က -------------------ပါတီအား တည်ထောင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ခွင့်ပြုခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျွန်တော်/ကျွန်မတို့၏ ----------------ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ဖော်ပြပါအချက်များကို ဖော်ပြလျှောက်ထားအပ်ပါသည် -

(က) ပါတီအမည်၊ -------------------------------------------------------
(ခ) ပါတီ၏အလံ၊တံဆိပ် (နမူနာပူးတွဲ)
(ဂ) ခေါင်းဆောင်အမည်၊ ---------------------------------------------
(ဃ) ဒုတိယခေါင်းဆောင်အမည်၊ ---------------------------------------
(င) ပါတီတည်ထောင်ခွင့်ပြုသည့်ရက်စွဲ၊ -------------------------------
(စ) ပါတီရုံးချုပ်တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊--------------------
-----------------------------------------------------------------------
(ဆ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါဝင်သည့် ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ (ပူးတွဲ)
(ဇ) (၁) လျှောက်ထားသူခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)
(၂) လျှောက်ထားသူဒုတိယခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)
(၃) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် ------------- ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။ (ပူးတွဲ)

(ဈ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည်။

(ည) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည်ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည်ဖြစ်ပါသည်။

(ဋ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် ------------- ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ပါသည်။

(ဌ) (၁) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း မဟုတ်ပါ။
(၂) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။
(၃) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း မဟုတ်ပါ။
(၄) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်း ပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။
(၅) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း မဟုတ်ပါ။
(၆) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသည့် အဖွဲ့အစည်း မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူများ

| ဓာတ်ပုံ | ဓာတ်ပုံ |
|---|---|
| လက်မှတ် | လက်မှတ် |
| အမည်၊------------------------ | အမည်၊------------------------ |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊------------- | ကတ်ပြားအမှတ်၊------------- |
| ခေါင်းဆောင် | ဒုတိယခေါင်းဆောင် |

*အချပ်ပို (င) သို့*

*အချပ်ပို (ဃ) မှ*

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

------------------------------------- ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို ---------ရက်နေ့ -------- နာရီတွင် လက်ခံရရှိပါသည်။

လျှောက်လွှာပေးအပ်သူ လျှောက်လွှာလက်ခံသူ

| | | |
|---|---|---|
| အမည်၊ -------------------- | ရုံးတံဆိပ် | အမည်၊ ------------------------ |
| တာဝန်၊ -------------------- | | ရာထူး/တာဝန်၊ --------------- |
| ---------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

--------------------------------------------------------------

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

------------------------------------- ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို---------ရက်နေ့ -------- နာရီတွင် လက်ခံရရှိပါသည်။

လျှောက်လွှာပေးအပ်သူ လျှောက်လွှာလက်ခံသူ

| | | |
|---|---|---|
| အမည်၊ -------------------- | ရုံးတံဆိပ် | အမည်၊ ------------------------ |
| တာဝန်၊ -------------------- | | ရာထူး/တာဝန်၊ --------------- |
| ---------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

ပုံစံ ( င - ၁ )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မတို့၏---------------------ပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ နှင့် အကျုံးဝင်သောပါတီ ဖြစ်ပါသည်။ ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ဖော်ပြပါ အချက်များကို ဖော်ပြလျှောက်ထားအပ်ပါသည် -

(က) ပါတီအမည်၊ ----------------------------------------------------------------

(ခ) ပါတီ၏အလံ၊တံဆိပ် (နမူနာပူးတွဲ)

(ဂ) ခေါင်းဆောင်အမည်၊ -------------------------------------------------------

(ဃ) ဒုတိယခေါင်းဆောင်အမည်၊ -----------------------------------------------

(င) ပါတီရုံးချုပ်တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊---------------------
-------------------------------------------------------------------------------

(စ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါဝင်သည့်ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ (ပူးတွဲ)

(ဆ) (၁) လျှောက်ထားသူခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၂) လျှောက်ထားသူဒုတိယခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၃) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။ (ပူးတွဲ)

(ဇ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည်။

(ဈ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည် ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည် ဖြစ်ပါသည်။

(ည) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် --------------ပြည်နယ် အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(ဋ) (၁) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း မဟုတ်ပါ။

*အချပ်ပို (စ) သို့*

*အချပ်ပို (င) မှ*

(၂) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၃) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၄) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၅) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း မဟုတ်ပါ။

(၆) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းသည့် အဖွဲ့အစည်း မဟုတ်ပါ။

၂။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

| ဓာတ်ပုံ | လျှောက်ထားသူများ | ဓာတ်ပုံ |
|---|---|---|

| | |
|---|---|
| လက်မှတ် | လက်မှတ် |
| အမည်၊------------------------- | အမည်၊------------------------- |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊ ------------ | ကတ်ပြားအမှတ်၊ ------------ |
| ခေါင်းဆောင် | ဒုတိယခေါင်းဆောင် |

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

------------------------------------- ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို --------ရက်နေ့ -------- နာရီတွင် လက်ခံရရှိပါသည်။

| လျှောက်လွှာပေးအပ်သူ | | လျှောက်လွှာလက်ခံသူ |
|---|---|---|
| အမည်၊ ------------------- | ရုံးတံဆိပ် | အမည်၊ ------------------------ |
| တာဝန်၊ ------------------- | | ရာထူး/တာဝန်၊ --------------- |
| ---------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

---------------------------------------------------------------------------------------------

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

-------------------------------------ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို -------------ရက်နေ့ ------------- နာရီတွင် လက်ခံရရှိပါသည်။

| လျှောက်လွှာပေးအပ်သူ | | လျှောက်လွှာလက်ခံသူ |
|---|---|---|
| အမည်၊ ------------------- | ရုံးတံဆိပ် | အမည်၊ ------------------------ |
| တာဝန်၊ ------------------- | | ရာထူး/တာဝန်၊ --------------- |
| ---------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

ပုံစံ ( စ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ------------------------ **ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ ----------------------၏---------ရက်စွဲပါလျှောက်လွှာ

၁။ ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လျှောက်ထားသော -------------ပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုတစ်ဝန်းလုံးတွင်/ ---------------တိုင်းဒေသကြီး/---------------ပြည်နယ်အတွင်းစည်းရုံးမည့် နိုင်ငံရေးပါတီအဖြစ် ဤကော်မရှင်က --------------- နေ့ရက်မှစ၍ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

၂။ ----------------- ပါတီ၏ မှတ်ပုံတင်အမှတ်မှာ ----------- ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် အပိုဒ် (၁)ပါ နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ ပြည့်သည့်နေ့ရက်ထက် နောက်မကျစေဘဲ ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (စ)နှင့်အညီ ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀/ ၁၀၀၀ ပြည့်မီအောင်စည်းရုံးပြီး၊ ပါတီဝင်အင်အားစာရင်းကို မြို့နယ်အလိုက်စုစည်း၍ ပုံစံ(ဇ) နှစ်စုံဖြင့် ကော်မရှင်သို့ တင်ပြရန်ဖြစ်ပါသည်။

၄။ ပါတီဝင်အင်အား ထပ်မံစည်းရုံးရရှိပါက ပုံစံ(ဇ)ဖြင့်လည်းကောင်း၊ ပါတီဝင်အင်အား လျော့နည်းသွားပါက ပုံစံ(ဇ-၁)ဖြင့်လည်းကောင်း ဥပဒေပုဒ်မ ၁၃ နှင့်အညီ ကော်မရှင်သို့ တင်ပြရမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

----------------------------

( လိပ်စာ ------------------------ )

*အချပ်ပို (ဆ) သို့*

*အချပ်ပို (စ) မှ*

ပုံစံ ( ဆ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **------------------------- ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ -------------------၏---------ရက်စွဲပါ လျှောက်လွှာ

ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် ------------------------ ပါတီအား မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ-----------------နှင့် ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ဤကော်မရှင်က မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

-----------------------------
( လိပ်စာ ------------------------ )

ပုံစံ ( ဇ )

သို့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ပါတီဝင်အင်အားစာရင်း ပြုစုပေးပို့ခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊---------------------

၁။ -------------------------------- ပါတီသည် -----------------ရက်နေ့မှစ၍ အထက် ရည်ညွှန်းချက်ပါစာဖြင့် နိုင်ငံရေးပါတီအဖြစ် ----------- မှတ်ပုံတင်အမှတ်ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသောကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(စ)အရ သတ်မှတ်ထားသော ပါတီဝင်ဦးရေ ၁၀၀၀၀၀/၁၀၀၀ ကို ပြည့်မီအောင်စည်းရုံးပြီးဖြစ်ပါသည်။ မြို့နယ်အလိုက် စည်းရုံးရရှိပြီးသည့် ပါတီဝင် အင်အားစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) -------------------- မြို့နယ်၊ --------------- ယောက်
(ခ) -------------------- မြို့နယ်၊ --------------- ယောက်
(ဂ) -------------------- မြို့နယ်၊ --------------- ယောက်
(ဃ) ( စသည်ဖြင့် )
မြို့နယ်ပေါင်း ------------၊ ပါတီဝင်စုစုပေါင်း-----------ယောက်

၂။ ယင်းပါတီဝင်များ၏ စာရင်းကို ပုံစံ(ဇ)၏ပူးတွဲဖြင့်ပြုစု၍ မြို့နယ်အလိုက် စုစည်းပြီး အပိုမိတ္တူတစ်စုံနှင့်အတူ တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
------------------------ ပါတီ

[ပုံစံ (ဇ) ၏ ပူးတွဲ]

**-------------------- ပါတီက စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်း**
**-------------------- မြို့နယ်၊-------------------- ခရိုင်၊ ------------------------ ပြည်နယ်/တိုင်း**
**( နည်းဥပဒေ ၁၃ )**

| စဉ် | ပါတီဝင် အမှတ် | ပါတီဝင်အမည် | အဘအမည် | မွေးသက္ကရာဇ် | နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရ စိစစ်ရေးကတ် အမှတ် | အလုပ်အကိုင် | နေရပ်လိပ်စာ | ပါတီဝင်သည့် ရက်စွဲ | ပါတီဝင်၏ လက်မှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

အထက်ဖော်ပြပါ ပါတီဝင်များသည် ဥပဒေပုဒ်မ ၁၀ ပါ အရည်အချင်းများနှင့် ကိုက်ညီသူများဖြစ်ကြပြီး အထက်စာတိုင်ပါ လက်မှတ်များမှာ ၎င်းတို့ကိုယ်တိုင် ရေးထိုးထားသော လက်မှတ်များဖြစ်ကြောင်း အောက်ပါပုဂ္ဂိုလ်များက တာဝန်ခံလက်မှတ်ရေးထိုးပါသည်။

လက်မှတ်၊ ----------------------------------- လက်မှတ်၊ -------------------------------------
ဥက္ကဋ္ဌအမည်၊ ------------------------------ အတွင်းရေးမှူးအမည်၊-------------------------

*အချပ်ပို (ဇ) သို့*

*အချပ်ပို (ဆ) မှ*

ပုံစံ ( ၈-၁ )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လျော့နည်းသွားသော ပါတီဝင်အင်အားစာရင်း တင်ပြခြင်း**

ရည်ညွှန်းချက်။ (၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊ --------------------
(၂) ---------------------- ပါတီ၏ - - ရက်စွဲပါ စာအမှတ်၊ --------------------

၁။ ------------------------ ပါတီသည် --------------------------ရက်နေ့မှစ၍ အထက်ရည်ညွှန်း(၁)ပါစာအရ နိုင်ငံရေးပါတီအဖြစ် ----------- မှတ်ပုံတင် အမှတ်ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါသောကြောင့် ပါတီဝင်ဦးရေ ---------- ကို စည်းရုံးရရှိပြီးဖြစ်ပါကြောင်း ရည်ညွှန်း(၂)ပါစာဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါတွင် အပိုဒ်(၁)ပါ စည်းရုံးရရှိပြီးသည့် ပါတီဝင်များအနက် အကြောင်းအမျိုးမျိုးကြောင့် ပါတီဝင်-------------ယောက် လျော့နည်းသွားပါသဖြင့် ယင်းသို့လျော့နည်းသွားသော ပါတီဝင်စာရင်းအား ပုံစံ(၈-၁)၏ ပူးတွဲဖြင့် ပြုစု၍ မြို့နယ်အလိုက်စုစည်းပြီး အပိုမိတ္တူတစ်စုံနှင့်အတူ တင်ပြအပ်ပါသည်။

၃။ ယနေ့အထိ မိမိတို့ပါတီတွင် ပါတီဝင်အင်အား ----------------------- ဦး ကျန်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
------------------------ ပါတီ

[ပုံစံ(၈-၁) ၏ပူးတွဲ]

## -------------------- ပါတီတွင် လျော့နည်းသွားသော ပါတီဝင်အင်အားစာရင်း

## -------------------- မြို့နယ်၊-------------------- ခရိုင်၊ ------------------------ ပြည်နယ်/တိုင်း

## ( နည်းဥပဒေ ၁၃ )

| စဉ် | ပါတီဝင် အမှတ် | ပါတီဝင်အမည် | အဘအမည် | မွေးသက္ကရာဇ် | နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရ စိစစ်ရေးကတ် အမှတ် | အလုပ်အကိုင် | နေရပ်လိပ်စာ | ပါတီဝင်သည့် ရက်စွဲ | လျော့နည်းသွားသည့် အကြောင်းရင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

လက်မှတ်၊ -----------------------------------
ဥက္ကဋ္ဌအမည်၊ --------------------------------

လက်မှတ်၊ --------------------------------------
အတွင်းရေးမှူးအမည်၊---------------------------

ပုံစံ ( ၈ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **-------------------- ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ပြီး နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းကြောင်း အကြောင်းကြားခြင်း**

ဤကော်မရှင်၏ ------------- ခုနှစ်၊ ------- လ ----------ရက်စွဲပါ စာအမှတ်၊ ------------- အရ -----------ပါတီအားမှတ်ပုံတင်အမှတ် -------ဖြင့် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ------- ခုနှစ်၊ -------- လ၊ ---- ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ-------------- အရ ပယ်ဖျက်ပြီး ယင်း --------------- ပါတီကိုလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ --------------- အရ နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းလိုက်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

----------------------------------
( လိပ်စာ ----------------------- )